# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း

# ( ၂၀၀၉ - ၂၀၁၀ )

## ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် အချက်အလက် အစီရင်ခံစာ
















အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT
နေပြည်တော် NAYPYITAW

Sida unicef UNDP

၂၀၁၁ - ဇွန်လ

## မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း
## (၂၀၀၉-၂၀၁၀)

# ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် အချက်အလက် အစီရင်ခံစာ

ပြုစုသူ

**IHLCA စီမံချက်ဆိုင်ရာ နည်းပညာယူနစ်**
ရန်ကုန်မြို့၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။

ကူညီပံ့ပိုးသူများ

**အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန**
နေပြည်တော်၊ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။

**ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်**
ရန်ကုန်မြို့၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။

**ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့**
ရန်ကုန်မြို့၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။

**ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ**
ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

# ဥယျောဇဉ်

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု (IHLCA) လုပ်ငန်း စီမံကိန်းသည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ ကုလသမဂ္ဂနှင့် အခြားသော အမျိုးသားနှင့် နိုင်ငံတကာဆိုင်ရာ ပါဝင် ပတ်သက်သူများအား တိုင်းပြည်၏ စားဝတ်နေရေး အခြေအနေကို သိရှိ ဆုံးဖြတ်နိုင်ရန်အတွက် စာရင်းအင်း အချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။ ပထမအကြိမ် တစ်နိုင်ငံလုံး လွှမ်းခြုံသည့် စစ်တမ်းကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ဤဒုတိယအကြိမ်စစ်တမ်းသည် စားဝတ်နေရေး နောက်ဆုံး အခြေအနေနှင့် ဆင်းရဲနွမ်းပါးမှု အဆင့်များကို ဖော်ပြဖြည့်ဆည်းပေးသည့်အပြင် အခြေအနေကို ကောင်းစွာ သိမြင်ပြီး ဆင်းရဲသူများ၏ အကျိုးကို ရှေးရှုသည့် ဆုံးဖြတ်ချက် ချမှတ်မှုကို အထောက်အကူပြုမည့် နှိုင်းယှဉ်ချက်များနှင့် အလားအလာ စိစစ်ရန် အခွင့်အလမ်းများကိုလည်း ဖြည့်ဆည်း ပေးပါသည်။

IHLCA-II ၏ ယေဘုယျ ဒီဇိုင်းကို နှိုင်းယှဉ်နိုင်မှု ရယူနိုင်ရန် IHLCA-I ၏ ဒီဇိုင်းအတိုင်း ရွေးချယ်ခဲ့ပါသည်။ ထိုအကြောင်းကြောင့် စစ်တမ်းတွင် တွေ့ဆုံ မေးမြန်းသည့် အိမ်ထောင်စုပေါင်း၏ တစ်ဝက်ခန့်မှာ ၂၀၀၄-၂၀၀၅ခုနှစ် စစ်တမ်းမှ ထပ်တူ အိမ်ထောင်စုများ ဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းကို စိစစ်မှု ပြုနိုင်ပါသည်။ စစ်တမ်းတွင် တစ်နိုင်ငံလုံး ကိုယ်စားပြု နမူနာ အိမ်ထောင်စုပေါင်း (၁၈၆၆၀) ပါဝင်ခဲ့ပါသည်။ ပထမ စစ်တမ်းအတိုင်း ကွင်းဆင်း ဆောင်ရွက်သည့် လုပ်ငန်းအားလုံးကို နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ပထမအကြိမ်ကို ၂၀၀၉ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၀ပြည့်နှစ် ဇန္နဝါရီလအတွင်း (ရိတ်သိမ်းချိန် အပြီး) ပြုလုပ်ပြီး၊ ဒုတိယအကြိမ်ကို ၂၀၁၀ပြည့်နှစ် မေလနောက်ပိုင်း (ရိတ်သိမ်းချိန် မတိုင်မီ)တွင် ပြုလုပ်ခဲ့ပါသည်။

စစ်တမ်းကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန (MNPED)၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေ အဖွဲ့ (UNICEF)နှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Sida)တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြပါသည်။ စစ်တမ်းနည်းပညာနှင့် နည်းစနစ်မှာ နိုင်ငံတကာတွင် ထိန်းသိမ်း ကျင့်သုံးသည့် စံနှုန်းများအတိုင်းဖြစ်ပြီး လုပ်ငန်းစီမံကိန်းအဖွဲ့သည် ကမ္ဘာ့ဘဏ်၊ Statistics Sweden စသည့် အဖွဲ့အစည်းများ နှင့် UNICEF နှင့် UNDP တို့၏ နည်းပညာဆိုင်ရာ ဝန်ထမ်းများထံမှ ကျယ်ပြန့်သော နည်းပညာဆိုင်ရာ ကြီးကြပ်မှုနှင့် ကူညီပံ့ပိုးမှုကို ရရှိခဲ့ပါသည်။ ဤမိတ်ဖက်များသည် စစ်တမ်းလုပ်ငန်းစဉ်ကို စစ်တမ်းဒီဇိုင်းနှင့် နည်းပညာမှစ၍ အချက်အလက် စိစစ်သည်အထိ စောင့်ကြည့် စစ်ဆေးပေးခဲ့ပါသည်။

မြန်မာပြည်တွင် ဆောင်ရွက်ခဲ့သည့် စားဝတ်နေရေး အခြေအနေနှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ စစ်တမ်းများအနက် အပြည့်စုံ၊ အကျယ်ပြန့်ဆုံး စစ်တမ်းတစ်ခု ဖြစ်သည်နှင့်အညီ ဤ စာရင်းအင်းဆိုင်ရာ အချက်အလက်များသည် ရည်ရွယ်ချက် အမျိုးမျိုးနှင့် ပါဝင်ပတ်သက်သူ မျိုးစုံတို့အတွက် အသုံးဝင်ပြီး တန်ဖိုးရှိမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ထို့အပြင် ဤ စာရင်းအင်း အချက်အလက်များက အခြေအနေကို ကောင်းစွာ သိမြင်သည့် စီမံကိန်း ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း ပြုစေနိုင်ကာ နောက်ဆက်တွဲအဖြစ် မြန်မာပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံ ဖူလုံမှုတွင် တိုးတက်မှုများ ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

**ဘစ်ရှ်ိုး ပါရာဂျူလီ**
**ဌာနေကိုယ်စားလှယ်၊ ယူအင်ဒီပီ၊**
**မြန်မာနိုင်ငံ**

**ဒေါ်လှဲ့လှဲ့သိန်း**
**ညွှန်ကြားရေးမှူးချုပ်**
**စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန**

# ကျေးဇူးတင်လွှာ

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု IHLCA စစ်တမ်းကောက်ယူ လေ့လာရေး အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးအား စားဝတ်နေရေး အခြေအနေ၏ အရေအတွက်ဆိုင်ရာ လေ့လာမှုသည် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်သည့်အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု (IHLCA)ကို ပံ့ပိုးကူညီမှုအတွက် အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။ IHLCA ဦးဆောင်ကော်မတီနှင့် IHLCA နည်းပညာကော်မတီတို့ကိုလည်း လမ်းညွှန်မှုနှင့် ပံ့ပိုးကူညီမှုတို့အတွက် အထူး ကျေးဇူးတင်ရှိပါသည်။ လေ့လာရေးအဖွဲ့သည် စစ်တမ်းကို ကွင်းဆင်းကောက်ယူမှု လုပ်ငန်းများ ဆောင်ရွက်ရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန(PD)၊ အထူးသဖြင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဒေါ်လဲ့လဲ့သိန်း၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် IHLCA စီမံချက်၏ အမျိုးသား စီမံကိန်း ဒါရိုက်တာ ဖြစ်သူ ဒေါ်ဝင်းမြင့်၊ ဗဟိုစာရင်းအင်းအဖွဲ့(CSO)၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးထွန်းထွန်းနိုင်တို့ကို အသိအမှတ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အမျိုးသားအာဟာရ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာန၊ ကျန်းမာရေး စီမံကိန်းဦးစီးဌာန၊ ရန်ကုန် စီးပွားရေး တက္ကသိုလ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာန တို့ကလည်း နောက်ထပ် ပါဝင် ပံ့ပိုး ကူညီပေးခဲ့ကြပါသည်။

IHLCA စစ်တမ်းများကို ထောက်ပံ့ကူညီပေးခဲ့သည့်အတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် အထူးသဖြင့် ကုလသမဂ္ဂ ဌာနေ ညှိနှိုင်းရေးမှူးနှင့် UNDP ဌာနေ ကိုယ်စားလှယ်ဖြစ်သူ Mr. Bishow Parajuli၊ UNDP အကြီးတန်း ဒုတိယ ဌာနေ ကိုယ်စားလှယ် ဖြစ်သူ Mr. Akbar Usmani၊ UNDP ဒုတိယ ဌာနေ ကိုယ်စားလှယ် ဖြစ်သူ Mr. Sanaka Samarasinha နှင့် UNDP လက်ထောက် ဌာနေ ကိုယ်စားလှယ် ဦးမင်းထွဋ်ယဉ် တို့ကို အထူး ကျေးဇူး တင်ရှိပါသည်။ UNICEF မှ လူမှုရေးဆိုင်ရာ မူဝါဒနှင့် စီမံကိန်း ရေးဆွဲခြင်း စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ ဌာန အကြီးအကဲ Ms. Yoshimi Nishino နှင့် Sida မှ ကောင်စစ်ဝန် Mr. Jörgen Schönning တို့ကို စီမံကိန်းအလုပ်များတွင် ထက်သန်သော စိတ်ပါဝင်စားမှုနှင့် ထောက်ပံ့ ကူညီမှု တို့အတွက် အထူးတလည် ကျေးဇူးတင်ရှိပါသည်။

# မာတိကာ


**ဥယျောဇဉ်...... i**

**ကျေးဇူးတင်လွှာ ...... iii**

**ဇယားများ စာရင်း...... vii**

**ပုံများ စာရင်း ...... ix**

**အတိုကောက် စကားလုံးများ ...... xi**

**အစီရင်ခံစာ အကျဉ်းချုပ် ...... xiii**

**၁။ နိဒါန်း ...... ၁**

*၁-၁။ နောက်ခံအကြောင်းအရာ ...... ၁*

*၁-၂။ အချက်အလက် ဇာစ်မြစ်များ၊ ကောက်ယူခြင်းနှင့်စိစစ်ခြင်း...... ၁*

*၁-၃။ နမူနာကောက်ခြင်း ကိစ္စရပ်များ...... ၃*

*၁-၄။ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် အချက်အလက် အစီရင်ခံစာ၏ စီစဉ်ဖွဲ့စည်းမှုပုံစံနှင့် ရည်ရွယ်ချက်များ...... ၅*

**ပန်းတိုင် ၁။ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှု လုံးဝပပျောက်ရန် ...... ၇**

*ရည်မှန်းချက် ၁-က။ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း တစ်နေ့လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာအောက် ဝင်ငွေရှိသူ လူဦးရေအချိုးအား ထက်ဝက်လျှော့ချရန်။...... ၇*

၁-၁။ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ...... ၇

၁-၂။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုး...... ၈

၁-၃။ စုစုပေါင်းစားသုံးမှုတွင် အဆင်းရဲဆုံးအိမ်ထောင်စု ငါးစိတ်တစ်စိတ်၏ ပါဝင်မှုအချိုး ...... ၉

*ရည်မှန်းချက် ၁-ခ။ အမျိုးသမီးများနှင့် ငယ်ရွယ်သူများ အပါအဝင် အားလုံးအတွက် အကျိုးရှိသည့် အလုပ်အကိုင် အပြည့်အဝရှိမှုနှင့် သင့်တင့်လျောက်ပတ်သောအလုပ်ရရှိစေရန်။...... ၁၀*

၁-၄။ အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး ...... ၁၀

၁-၅။ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက်တွင် စားဝတ်နေထိုင်လျက်ရှိသည့် အလုပ်လုပ်သူများအချိုး ...... ၁၁

၁-၆။ စုစုပေါင်း အလုပ်အကိုင်ရှိသူများအနက် ကိုယ်ပိုင်လုပ်ငန်း ကိုယ်တိုင်လုပ်သူနှင့် မိသားစုမှ ပါဝင် လုပ်ကိုင်သူများအချိုး ...... ၁၂

*ရည်မှန်းချက် ၁-ဂ။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ငတ်မွတ်ခြင်းခံစားရသော လူဦးရေအချိုးအား ထက်ဝက်လျှော့ချရန်။...... ၁၄*

၁-၇။ ပုံမှန်ကိုယ်အလေးချိန် အသင့်အတင့်မပြည့်သော အသက်ငါးနှစ်အောက် ကလေးများပျံ့နှံ့မှု...... ၁၄

၁-၈။ အစားအစာမှ အာဟာရစွမ်းအင်ရရှိရန် အနိမ့်ဆုံးအဆင့် စားသုံးမှုအောက်ရှိသည့် လူဦးရေအချိုး...... ၁၅

*ပန်းတိုင် ၁ နောက်ဆက်တွဲ ဇယားများ...... ၁၇*

**ပန်းတိုင် ၂။ ကမ္ဘာအနှံ့ မူလတန်းပညာ တတ်မြောက်ကြစေရန် ...... ၂၅**

*ရည်မှန်းချက် ၂-က ။ ၂၀၁၅ ခုနှစ်တွင် နေရာအနှံ့မှကလေးသူငယ်များ၊ ယောကျ်ားကလေးနှင့် မိန်းကလေးအားလုံး မူလတန်းပညာ ပြီးမြောက်နိုင်စေရန်။...... ၂၅*

၂-၁။ မူလတန်းပညာရေးတွင် အသားတင်ကျောင်းဝင်နှုန်း...... ၂၅

၂-၂။ အသက် ၁၅-၂၄ နှစ်အရွယ် အမျိုးသမီးနှင့် အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်း...... ၂၆

*ပန်းတိုင် ၂ နောက်ဆက်တွဲ ဇယားများ ...... ၂၈*

**ပန်းတိုင် ၃။ ကျား၊မ တန်းတူညီမျှရေးအား မြှင့်တင်၍ အမျိုးသမီးများအား ဆောင်ရွက်ပိုင်ခွင့် ရရှိစေရန် ...... ၃၁**

*ရည်မှန်းချက် ၃-က။ ဖြစ်နိုင်ပါက ၂၀၀၅ ခုနှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးတွင် ကျား၊မအခွင့်အရေးမတူညီမှု ပပျောက်စေရန်နှင့် ၂၀၁၅ ခုနှစ်ထက်နောက်မကျစေပဲ ပညာရေးအဆင့် အားလုံး၌ ဖယ်ရှားပြီးဖြစ်ရန်။...... ၃၁*

၃-၁။ မူလတန်းပညာရေးတွင် မိန်းကလေးများနှင့် ယောကျ်ားကလေးများအချိုး...... ၃၁

၃-၂။ အလယ်တန်း၊ အထက်တန်း ပညာရေးတွင် မိန်းကလေးများနှင့် ယောကျ်ားကလေးများအချိုး ...... ၃၂

၃-၃။ လယ်ယာမဟုတ်သော အခြားကဏ္ဍများ၌ လုပ်ခရအလုပ်အကိုင်တွင် အမျိုးသမီးများ၏ပါဝင်မှုအချိုး ..................... ၃၃
*ပန်းတိုင် ၃ နောက်ဆက်တွဲ ဇယားများ* ..................... ၃၅
**ပန်းတိုင် ၄။ ကလေးသေဆုံးမှု လျှော့ချရန်** ..................... **၃၉**
*ရည်မှန်းချက် ၄-က။ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း အသက်ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းကို သုံးပုံနှစ်ပုံလျှော့ချရန်။* ..................... *၃၉*
၄-၁။ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် အသက်တစ်နှစ်အရွယ် ကလေးများအချိုး ..................... ၃၉
*ပန်းတိုင် ၄ နောက်ဆက်တွဲ ဇယားများ* ..................... *၄၁*
**ပန်းတိုင် ၅။ သားဖွားမိခင် ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန်** ..................... **၄၃**
*ရည်မှန်းချက် ၅-က။ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း သားဖွားမိခင် သေဆုံးမှုနှုန်းကို လေးပုံသုံးပုံလျှော့ချရန်။* ..................... *၄၃*
၅-၁။ ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှုအချိုး ..................... ၄၃
*ရည်မှန်းချက် ၅-ခ။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာအနှံ့ မျိုးဆက်ပွားကျန်းမာရေးကို လက်လှမ်းမီစေရန်။* ..................... *၄၄*
၅-၂။ သန္ဓေတားနည်း သုံးစွဲမှုပျံ့နှံ့နှုန်း ..................... ၄၄
၅-၃။ ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (အနည်းဆုံးတစ်ခါ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြသမှု) ၄၅
၅-၄။ မိသားစုအရွယ် စီမံချက်ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု ..................... ၄၆
*ပန်းတိုင် ၅ နောက်ဆက်တွဲ ဇယားများ* ..................... *၄၈*
**ပန်းတိုင် ၆။ HIV/AIDS ၊ ငှက်ဖျားနှင့်အခြားရောဂါများကို တိုက်ဖျက်နှိမ်နင်းရန်** ..................... **၅၃**
*ရည်မှန်းချက် ၆-က။ ၂၀၁၅ ခုနှစ်တွင် HIV/AIDSရောဂါ ကူးစက်ပြန့်ပွားမှုကို ရပ်တန့်စေ၍ ပြန့်ပွားမှု လျော့နည်းကျဆင်းစေရန်။* ..................... *၅၃*
၆-၁။ HIV/AIDS အကြောင်း ကျယ်ပြန့်မှန်ကန်သော အသိပညာရှိသူ အသက် ၁၅-၂၄နှစ် အရွယ် လူဦးရေအချိုး ..................... ၅၃
၆-၂။ ကျောင်းတက်နေသော မိဘမဲ့သူနှင့် မိဘရှိသူ ကလေးများအချိုး ..................... ၅၄
*ရည်မှန်းချက် ၆-ဂ။ ၂၀၁၅ ခုနှစ်တွင် ငှက်ဖျားနှင့် အခြား အဓိကကျသော ရောဂါကြီးများ ဖြစ်ပွားမှုကို ရပ်တန့်စေ၍ ရောဂါဖြစ်ပွားမှု လျော့နည်း ကျဆင်းလာစေရန်။* ..................... *၅၅*
၆-၃။ ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်သော အသက် ၅နှစ် အောက် ကလေးများ အချိုး ..................... ၅၅
*ပန်းတိုင် ၆ နောက်ဆက်တွဲ ဇယားများ* ..................... *၅၇*
**ပန်းတိုင် ၇။ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို မုချသေချာစေရန်** ..................... **၆၁**
*ရည်မှန်းချက် ၇-ဂ။ ၂၀၁၅ ခုနှစ်တွင် ဘေးကင်း(သန့်ရှင်း)သော သောက်ရေနှင့် အခြေခံကျသည့် အညစ်အကြေး သန့်ရှင်းရေး(မိလ္လာ) စနစ်အား အစဉ်လက်လှမ်းမီ မရရှိသော လူဦးရေအချိုးကို ထက်ဝက်လျှော့ချရန်။* ..................... *၆၁*
၇-၁။ ကောင်းမွန်သော သောက်ရေဇာစ်မြစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ..................... ၆၁
၇-၂။ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေး(မိလ္လာ)စနစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ..................... ၆၂
*ရည်မှန်းချက် ၇-ဃ ။ ၂၀၂၀ ပြည့်နှစ်တွင် ဆင်းရဲသားရပ်ကွက်၌နေသူ အနည်းဆုံး သန်း၁၀၀ ၏ နေထိုင်မှု ဘဝများတွင် သိသာစွာ တိုးတက် ကောင်းမွန်မှု ရရှိစေရန်။* ..................... *၆၃*
၇-၃။ ဆင်းရဲသား ရပ်ကွက်များတွင် နေထိုင်လျက်ရှိသည့် မြို့ပြလူဦးရေအချိုး ..................... ၆၃
*ပန်းတိုင် ၇ နောက်ဆက်တွဲ ဇယားများ* ..................... *၆၅*
**အကျဉ်းချုပ်။ အဓိက MDG ညွှန်ကိန်းများ၏ အလားအလာများ၊ ၂၀၀၅ နှင့် ၂၀၁၀** ..................... **၆၉**
**ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင်များ၊ ရည်မှန်းချက်များနှင့် ညွှန်ကိန်းများ (၂၀၀၈ ခုနှစ် ဇန္နဝါရီလ ပြင်ဆင်ချက်)** ... **၇၁**
**MDG အချက်အလက် အစီရင်ခံစာများတွင် MDG လွှမ်းခြုံမှု** ..................... **၇၅**
**စာရင်းအင်းဆိုင်ရာ နောက်ဆက်တွဲ** ..................... **၇၇**

# ဇယားများ စာရင်း


ဇယား ၁။ အလွှာအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀ ..... ၇
ဇယား ၂။ အလွှာအလိုက် ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုး ၂၀၀၅-၂၀၁၀ ..... ၈
ဇယား ၃။ အလွှာအလိုက် စုစုပေါင်းစားသုံးမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ်၏ ပါဝင်မှုအချိုး ၂၀၀၅-၂၀၁၀ ..... ၉
ဇယား ၄။ အလွှာနှင့် ကျား၊မအလိုက် အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀ ..... ၁၀
ဇယား ၅။ အလွှာနှင့် ကျား၊မအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက်ရှိ အလုပ်လုပ်သူဦးရေအချိုး ၂၀၀၅-၂၀၁၀ ..... ၁၂
ဇယား ၆။ ဆင်းရဲနွမ်းပါးမှု အခြေအနေ၊ အလွှာနှင့်ကျား၊မအလိုက် စုစုပေါင်းအလုပ်အကိုင်ရှိသူများတွင် ကိုယ်ပိုင်အလုပ်ကိုယ်တိုင်လုပ်သူနှင့် မိသားစုမှပါဝင်လုပ်ကိုင်သူအချိုး ၂၀၀၅-၂၀၁၀ ..... ၁၃
ဇယား ၇။ အလွှာနှင့် ဆင်းရဲနွမ်းပါးမှု အခြေအနေအလိုက် အသင့်အတင့် ပုံမှန်ကိုယ်အလေးချိန် မပြည့်သော အသက်ငါးနှစ်အောက် ကလေးများအချိုး ၂၀၀၅-၂၀၁၀ ..... ၁၄
ဇယား ၈။ အလွှာအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀ ..... ၁၆
ဇယား ၉။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၁၇
ဇယား ၁၀။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၁၈
ဇယား ၁၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စုစုပေါင်းစားသုံးမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် ပါဝင်မှုအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၁၉
ဇယား ၁၂။ အလွှာ၊ ကျား၊မနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၂၀
ဇယား ၁၃။ အလွှာ၊ ကျား၊မနှင့် ပြည်နယ်နှင့်တိုင်း ဒေသကြီးအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက်ရှိ အလုပ်လုပ်သူဦးရေအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၂၁
ဇယား ၁၄။ ဆင်းရဲနွမ်းပါးမှု အခြေအနေ၊ အလွှာ၊ ကျား၊မနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စုစုပေါင်း အလုပ်အကိုင်ရှိသူများအနက် ကိုယ်ပိုင်အလုပ် ကိုယ်တိုင်လုပ်သူနှင့် မိသားစုမှပါဝင်လုပ်ကိုင်သူများ အချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၂၂
ဇယား ၁၅။ အလွှာ၊ ဆင်းရဲနွမ်းပါးမှု အခြေအနေနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အသင့်အတင့် ပုံမှန် ကိုယ်အလေးချိန် မပြည့်သည့် အသက်ငါးနှစ်အရွယ် ကလေးများအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၂၃
ဇယား ၁၆။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၂၄
ဇယား ၁၇။ ဆင်းရဲနွမ်းပါးမှု အခြေအနေ၊ အလွှာနှင့် ကျား၊မအလိုက် မူလတန်း ပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း ၂၀၀၅-၂၀၁၀ ..... ၂၅
ဇယား ၁၈။ ဆင်းရဲနွမ်းပါးမှု အခြေအနေ၊အလွှာနှင့် ကျား၊မအလိုက် အသက် ၁၅-၂၄နှစ် အရွယ်များ၏ စာတတ်မြောက်မှုနှုန်းများ ၂၀၀၅-၂၀၁၀ ..... ၂၇
ဇယား ၁၉။ ဆင်းရဲနွမ်းပါးမှု အခြေအနေ ၊ အလွှာ၊ ကျား၊မနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မူလတန်း ပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၂၈
ဇယား ၂၀။ ဆင်းရဲနွမ်းပါးမှု အခြေအနေ၊အလွှာ၊ ကျား၊မနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ၁၅-၂၄နှစ် အရွယ်များ၏ စာတတ်မြောက်မှုနှုန်းများ ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၂၉
ဇယား ၂၁။ ဆင်းရဲနွမ်းပါးမှု အခြေအနေနှင့် အလွှာအလိုက် မူလတန်း ပညာရေးတွင် မိန်းကလေးများနှင့် ယောကျ်ားကလေးများအချိုး ၂၀၀၅-၂၀၁၀ ..... ၃၁
ဇယား ၂၂။ ဆင်းရဲနွမ်းပါးမှု အခြေအနေနှင့် အလွှာအလိုက် အလယ်တန်း၊ အထက်တန်း ပညာရေးတွင် မိန်းကလေးနှင့် ယောကျ်ားကလေးများအချိုး ၂၀၀၅-၂၀၁၀ ..... ၃၃
ဇယား ၂၃။ ဆင်းရဲနွမ်းပါးမှု အခြေအနေနှင့် အလွှာအလိုက် လယ်ယာစိုက်ပျိုးရေးမဟုတ်သော ကဏ္ဍများမှ လုပ်ခရအလုပ်အကိုင်တွင် အမျိုးသမီးများ ပါဝင်မှုအချိုး ၂၀၀၅-၂၀၁၀ ..... ၃၄
ဇယား ၂၄။ ဆင်းရဲနွမ်းပါးမှု အခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မူလတန်း ပညာရေးတွင် မိန်းကလေးများနှင့် ယောကျ်ားကလေးများအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ..... ၃၅

ဇယား ၂၅။ ဆင်းရဲနွမ်းပါးမှု အခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အလယ်တန်း၊ အထက်တန်း ပညာရေးတွင် မိန်းကလေးများနှင့် ယောကျ်ားကလေးများအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ............... ၃၆
ဇယား ၂၆။ ဆင်းရဲနွမ်းပါးမှု အခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လယ်ယာမဟုတ်သော အခြားကဏ္ဍများမှ လုပ်ခရ အလုပ်အကိုင်တွင် အမျိုးသမီးများ ပါဝင်မှုအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား)၃၇
ဇယား ၂၇။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် အသက်တစ်နှစ်အရွယ် ကလေးများအချိုး ၂၀၀၅-၂၀၁၀ ............ ၃၉
ဇယား ၂၈။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် အသက် တစ်နှစ် အရွယ် ကလေးများအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ...... ၄၁
ဇယား ၂၉။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှုအချိုး ၂၀၀၅-၂၀၁၀ ............ ၄၃
ဇယား ၃၀။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် သန္ဓေတားနည်း ပျံ့နှံ့မှုနှုန်း ၂၀၁၀ ............ ၄၅
ဇယား ၃၁။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (ကျန်းမာရေးဝန်ထမ်းများနှင့် အနည်းဆုံးတစ်ခါ တွေ့ဆုံပြသခြင်း) ၂၀၀၅-၂၀၁၀ ............ ၄၆
ဇယား ၃၂။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် မိသားစုအရွယ်စီမံချက်ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု ၂၀၁၀ ............ ၄၇
ဇယား ၃၃။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား)............ ၄၈
ဇယား ၃၄။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် သန္ဓေတားနည်းသုံးစွဲမှု ပျံ့နှံ့နှုန်း ၂၀၁၀ (နောက်ဆက်တွဲ ဇယား)............ ၄၉
ဇယား ၃၅။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ............ ၅၀
ဇယား ၃၆။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မိသားစုအရွယ်စီမံချက်ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု ၂၀၁၀ (နောက်ဆက်တွဲ ဇယား)............ ၅၁
ဇယား ၃၇။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ကျား၊မအလိုက် HIV/AIDS အကြောင်း ကျယ်ပြန့်မှန်ကန်သော အသိပညာရှိသူ အသက် ၁၅-၂၄နှစ် အရွယ် လူဦးရေအချိုး ၂၀၁၀ ............ ၅၃
ဇယား ၃၈။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ကျား၊မအလိုက် ကျောင်းတက်နေသော အသက် ၁၀-၁၄နှစ် အရွယ် မိဘမဲ့သူနှင့် မိဘရှိသူများအချိုး ၂၀၁၀............ ၅၄
ဇယား ၃၉။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ကျား၊မအလိုက် ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်သော အသက် ၅နှစ် အောက် ကလေးများအချိုး ၂၀၁၀ ............ ၅၆
ဇယား ၄၀။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာ၊ ကျား၊မနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် HIV/AIDS အကြောင်း ကျယ်ပြန့်မှန်ကန်သော အသိပညာရှိသူ အသက် ၁၅-၂၄နှစ် အရွယ် လူဦးရေအချိုး ၂၀၁၀ (နောက်ဆက်တွဲ ဇယား)၅၇
ဇယား ၄၁။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာ၊ ကျား၊မနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျောင်းတက်နေသော မိဘမဲ့သူနှင့် မိဘရှိသူ ကလေးများအချိုး ၂၀၁၀ (နောက်ဆက်တွဲ ဇယား) ............ ၅၈
ဇယား ၄၂။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာ၊ ကျား၊မနှင့် ပြည်နယ်တိုင်း ဒေသကြီးအလိုက် ဆေးစိမ်ခြင်ထောင်များဖြင့်အိပ်သော အသက် ၅နှစ် အောက် ကလေးများအချိုး ၂၀၁၀ (နောက်ဆက်တွဲ ဇယား) .... ၅၉
ဇယား ၄၃။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ကောင်းမွန်သော သောက်ရေဇာစ်မြစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀ ............ ၆၁
ဇယား ၄၄။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေး(မိလ္လာ)စနစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀ ............ ၆၃
ဇယား ၄၅။ ဆင်းရဲနွမ်းပါးမှု အခြေအနေ အလိုက် ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်လျက်ရှိသည့် မြို့ပြ လူဦးရေ အချိုး ၂၀၁၀ ............ ၆၄
ဇယား ၄၆။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကောင်းမွန်သော သောက်ရေဇာစ်မြစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲဇယား) ............ ၆၅

ဇယား ၄၇။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကောင်းမွန်သော အညစ်အကြေးသန့်ရှင်းရေး(မိလ္လာ)စနစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား) ........ ၆၆
ဇယား ၄၈။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အလိုက် ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်လျက်ရှိသည့် မြို့ပြလူဦးရေအချိုး ၂၀၁၀ (နောက်ဆက်တွဲ ဇယား)........ ၆၇
ဇယား ၄၉။ အဓိက MDG ညွှန်ကိန်းများ၏ အလားအလာများ ၂၀၀၅-၂၀၁၀ ........ ၇၀
ဇယား ၅၀။ ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် MDG အစီရင်ခံစာများတွင် MDG လွှမ်းခြုံမှု ........ ၇၅
ဇယား ၅၁။ စာရင်းအင်းဆိုင်ရာ နောက်ဆက်တွဲ........ ၇၇

## ပုံများ စာရင်း

ပုံ ၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀ ........ ၇
ပုံ ၂။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုး ၂၀၀၅-၂၀၁၀ ........ ၈
ပုံ ၃။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စုစုပေါင်း စားသုံးမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ်၏ ပါဝင်မှု အချိုး ၂၀၀၅-၂၀၁၀ ........ ၉
ပုံ ၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀ ........ ၁၁
ပုံ ၅။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက်ရှိ အလုပ်လုပ်သူ ဦးရေအချိုး ၂၀၀၅-၂၀၁၀ ........ ၁၂
ပုံ ၆။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စုစုပေါင်း အလုပ်အကိုင်ရှိသူများတွင် ကိုယ်ပိုင်အလုပ် ကိုယ်တိုင်လုပ်သူနှင့် မိသားစုမှ ပါဝင်လုပ်ကိုင်သူများအချိုး ၂၀၀၅-၂၀၁၀ ........ ၁၃
ပုံ ၇။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အသင့်အတင့် ပုံမှန်ကိုယ်အလေးချိန်မပြည့်သော အသက် ငါးနှစ်အောက် ကလေးများအချိုး ၂၀၀၅-၂၀၁၀ ........ ၁၅
ပုံ ၈။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမျိုးသားအဆင့် အစားအစာ ချို့တဲ့ခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀ ........ ၁၆
ပုံ ၉။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မူလတန်း ပညာရေးတွင် အသားတင်ကျောင်းဝင်နှုန်း ၂၀၀၅-၂၀၁၀ ........ ၂၆
ပုံ ၁၀။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမျိုးသား စာတတ်မြောက်မှုနှုန်း ၂၀၀၅-၂၀၁၀ ........ ၂၇
ပုံ ၁၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမျိုးသမီး စာတတ်မြောက်မှုနှုန်း ၂၀၀၅-၂၀၁၀ ........ ၂၇
ပုံ ၁၂။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မူလတန်း ပညာရေးတွင် မိန်းကလေးများနှင့် ယောက်ျားကလေးများအချိုး ၂၀၀၅-၂၀၁၀ ........ ၃၂
ပုံ ၁၃။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အလယ်တန်း၊ အထက်တန်း ပညာရေးတွင် မိန်းကလေးများနှင့် ယောက်ျားကလေးများအချိုး ၂၀၀၅-၂၀၁၀........ ၃၃
ပုံ ၁၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လယ်ယာမဟုတ်သော အခြားကဏ္ဍများမှ လုပ်ခရအလုပ်အကိုင်တွင် အမျိုးသမီးများ ပါဝင်မှုအချိုး ၂၀၀၅-၂၀၁၀........ ၃၄
ပုံ ၁၅။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် အသက်တစ်နှစ်အရွယ် ကလေးများအချိုး ၂၀၀၅-၂၀၁၀ ........ ၄၀
ပုံ ၁၆။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့်စောင့်ရှောက် မွေးဖွားမှုအချိုး ၂၀၀၅-၂၀၁၀ ........ ၄၄
ပုံ ၁၇။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် သန္ဓေတားနည်း အသုံးပြုမှု ပျံ့နှံ့နှုန်း ၂၀၁၀ ........ ၄၅
ပုံ ၁၈။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (ကျန်းမာရေးဝန်ထမ်းများဖြင့် အနည်းဆုံးတစ်ခါ တွေ့ဆုံပြသခြင်း) ၂၀၀၅-၂၀၁၀........ ၄၆
ပုံ ၁၉။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မိသားစုအရွယ်စီမံချက်ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု ၂၀၁၀ ........ ၄၇
ပုံ ၂၀။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် HIV/AIDS အကြောင်း ကျယ်ပြန့်မှန်ကန်သော အသိပညာရှိသူ အသက် ၁၅-၂၄ နှစ်အရွယ် လူဦးရေအချိုး ၂၀၁၀........ ၅၄

ပုံ ၂၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျောင်းတက်နေသော အသက် ၁၀-၁၄နှစ် အရွယ် မိဘမဲ့သူနှင့် မိဘရှိသူများအချိုး ၂၀၁၀ ....... ၅၅
ပုံ ၂၂။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆေးစိမ်ခြင်ထောင်များဖြင့်အိပ်သော အသက် ၅နှစ် အောက် ကလေးများအချိုး ၂၀၁၀ ....... ၅၆
ပုံ ၂၃။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကောင်းမွန်သော သောက်ရေ ဇာစ်မြစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀ ....... ၆၂
ပုံ ၂၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေး(မိလ္လာ)စနစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀ ....... ၆၃
ပုံ ၂၅။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆင်းရဲသား ရပ်ကွက်များ (ပင်ကိုလက္ခဏာ အနည်းဆုံး တစ်ခု ချို့တဲ့သော)တွင် နေထိုင်လျက်ရှိသည့် မြို့ပြလူဦးရေအချိုး ၂၀၁၀ ....... ၆၄
ပုံ ၂၆။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆင်းရဲသားရပ်ကွက်များ (ပင်ကိုလက္ခဏာ အနည်းဆုံး နှစ်ခု ချို့တဲ့သော)တွင် နေထိုင်လျက်ရှိသည့် မြို့ပြလူဦးရေအချိုး ၂၀၁၀ ....... ၆၄

# အတိုကောက် စကားလုံးများ

| | |
|---|---|
| AIDS | Acquired Immuno Deficiency Syndrome<br>ခုခံအားကျရောဂါ |
| CSO | Central Statistical Organization<br>ဗဟိုစာရင်းအင်းအဖွဲ့ |
| HIV | Human Immunodeficiency Virus<br>အိတ်ချ်အိုင်ဗွီပိုး |
| IHLCA | Integrated Household Living Conditions Assessment<br>အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု |
| MDG | Millennium Development Goal<br>ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင် |
| MNPED | Ministry of National Planning and Economic Development<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန |
| PD | Planning Department<br>စီမံကိန်းရေးဆွဲရေး ဦးစီးဌာန |
| Sida | Swedish International Development Cooperation Agency<br>ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ |
| UN | United Nations<br>ကုလသမဂ္ဂ |
| UNDP | United Nations Development Programme<br>ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် |
| UNICEF | United Nations Children’s Fund<br>ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ |

# အစီရင်ခံစာ အကျဉ်းချုပ်

## နိဒါန်း

ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင် (MDG) အချက်အလက် အစီရင်ခံစာသည် ဒုတိယအကြိမ် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု (IHLCA-II) စစ်တမ်းမှ ရွေးချယ်ထားသော MDG ညွှန်ကိန်းများ အတွက် အချက်အလက်များကို တင်ပြပါသည်။ အစီရင်ခံစာ၏ အဓိကရည်ရွယ်ချက်မှာ ဤညွှန်ကိန်းများ၏ ပမာဏနှင့် ဖြစ်နိုင်ပါက အလားအလာများအတွက် သတင်းအချက်အလက်များကို ပြည်သူ့ရေးရာဆိုင်ရာ မူဝါဒချမှတ်ရာတွင် သတင်းပေးသည့်အနေဖြင့် ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။ အစီရင်ခံစာသည် စံချိန်မီ MDG အစီရင်ခံစာတစ်ခုနှင့် ကွဲပြားခြားနားပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အစီရင်ခံစာ သည် IHLCA-II စစ်တမ်းအချက်အလက်များကို အထူးသီးသန့်အမှီပြုထားပြီး IHLCA-II အချက်အလက်များကို အခြေခံ၍ တွက်ချက်ရယူနိုင်သော MDG များကိုသာ လွှမ်းခြုံထားပါသည်။ MDG အချက်အလက် အစီရင်ခံစာသည် (၁) ဆင်းရဲ နွမ်းပါးမှုနှင့် ငတ်မွတ်မှု (၂) မူလတန်း အခြေခံ ပညာရေး (၃) ကျား၊မ တန်းတူညီမျှမှု (၄) ကလေး သေဆုံးမှု (၅) သားဖွားမိခင် ကျန်းမာရေး (၆) HIV/AIDS၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများ (၇) သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့မှု တို့နှင့် ပတ်သက်သည့် ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် ခုနစ်မျိုးအတွက် အချက်အလက်များကို တင်ပြထားပါသည်။

## ပန်းတိုင် ၁။ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှု လုံးဝပပျောက်စေရန်။

***အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၃၂% မှ ၂၆% သို့ ကျဆင်းသွားခဲ့သည် ဟု ယူဆရသည်။ ဤပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည်။ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုသည် မြို့ပြဒေသ ဆင်းရဲနွမ်းပါးမှုထက် အတော် မြင့်မားဆဲဖြစ်ပြီး ၂၉% နှင့် ၁၆% အသီးသီး ရှိကြသည်။ ဆင်းရဲနွမ်းပါးမှုသည် မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ပို၍ လျင်မြန်သော နှုန်းဖြင့် ကျဆင်းခဲ့ပြီး ၂၇% နှင့် ၁၈% အသီးသီး ရှိကြသည်။ ဆင်းရဲ နွမ်းပါးခြင်းဖြစ်မှု၏ အမြင့်ဆုံး တန်ဖိုးသည် ချင်းပြည်နယ်တွင် ၇၃% ဖြင့်ရှိခဲ့ပြီး ထို့နောက်တွင် ရခိုင် (၄၄%)၊ တနင်္သာရီ (၃၃%)၊ ရှမ်း (၃၃%)၊ ဧရာဝတီ (၃၂%) တို့ရှိကြသည်။

***ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၃၅% ဝန်းကျင်ဖြင့် ကျဆင်းခဲ့သည် ဟုယူဆရပြီး ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည်။ ကွာဟချက်သည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် အတော် မြင့်မားပြီး ၀.၀၄၇ နှင့် ၀.၀၂၃ အသီးသီး ရှိကြသည်။ ဆင်းရဲနွမ်းပါးမှုသည် မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ပို၍ လျင်မြန်သောနှုန်းဖြင့် ကျဆင်းခဲ့ပြီး ၄၄% နှင့် ၃၄% အသီးသီး ရှိကြသည်။ ဆင်းရဲနွမ်းပါးခြင်း ဖြစ်မှု၏ အမြင့်ဆုံး တန်ဖိုးသည် ချင်းပြည်နယ် (၀.၁၆၇) တွင်ရှိပြီး ထို့နောက်မှ ရခိုင် (၀.၀၇၆)၊ တနင်္သာရီ (၀.၀၆၆)နှင့် ရှမ်း (၀.၀၆) ရှိကြသည်။

***စုစုပေါင်းစားသုံးမှုတွင် အဆင်းရဲဆုံးအိမ်ထောင်စု ငါးစိတ်တစ်စိတ်၏ စားသုံးခြင်းပါဝင်မှု အချိုး*** သည် ၁၁.၁% မှ ၁၂% သို့ အနည်းငယ်မြင့်တက်ခဲ့သော်လည်း ခြားနားချက်မှာ စာရင်းအင်းသဘောအရ ထူးခြားထင်ရှားမှုမရှိပါ။ ပါဝင်မှုအချိုးသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ပို၍မြင့်မားပြီး ၁၂.၆% နှင့် ၁၁.၁% အသီးသီးရှိကြသည်။ သို့သော်လည်း မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ပို၍လျင်မြန်စွာတိုးပွားခဲ့ပြီး ၁၀%

နှင့် ၇% အသီးသီးရှိကြသည်။ ဤညွှန်ကိန်း၏ ပမာဏသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ဖြန့်ကြည့်လျှင် အနည်းငယ်သာ ပြောင်းလဲမှုရှိသည်။

***အလုပ်အကိုင် ရှိသူနှင့် လူဦးရေအချိုး*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၅၄.၃% မှ ၅၇.၁% သို့တိုးလာပြီး ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည်။ အချိုးသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် အတော် မြင့်မားပြီး ၅၉.၈% နှင့် ၄၉.၇% အသီးသီးရှိကြသည်။ အချိုးသည် မြို့ပြဒေသတွင် ကျေးလက်ဒေသထက် တော်တော်ကလေးပို၍ လျင်မြန်စွာတိုးခဲ့ပြီး ၇.၂% နှင့် ၄.၄% အသီးသီး ရှိကြသည်။ အချိုးသည် အမျိုးသမီးများအတွက် အမျိုးသားများထက် ပို၍ နိမ့်ကျဆဲဖြစ်ပြီး ၄၆.၃% နှင့် ၆၉% အသီးသီး ရှိကြသည်။ သို့သော် တိုးနှုန်းသည် အမျိုးသမီးများအတွက် အမျိုးသားများထက် နှစ်ဆ ပို၍မြင့်မားပြီး ၇.၃% နှင့် ၃.၆% အသီးသီး ရှိကြသည်။ ဤအချိုး၏ အနိမ့်ဆုံးတန်ဖိုးကို ရခိုင်ပြည်နယ် (၄၆.၂%) တွင် တွေ့ရပြီး ရန်ကုန် (၄၇.၉%)၊ ကချင် (၄၉.၁%) နှင့် တနင်္သာရီ (၅၁.၁%) တို့တွင်လည်း နိမ့်ကျသည်။

***အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှုပြမျဉ်းအောက် စားဝတ်နေထိုင်လျက်ရှိသည့် အလုပ်လုပ်သူ သို့မဟုတ် အလုပ်လုပ်နေသော ဆင်းရဲသူများအချိုး*** သည် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု၏ ပုံပန်းသဏ္ဌာန်နှင့် အလွန်ဆင်တူသော ပုံပန်းသဏ္ဌာန်အတိုင်းဖြစ်လျက်ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ ဆင်းရဲသူများ၏ ဧရာမအများစုသည် စီးပွားရေးအရ အလုပ်လုပ်နေကြပါသည်။ သို့ဖြစ်သောကြောင့် အလုပ်လုပ်နေသည့် ဆင်းရဲသူသည် ရာခိုင်နှုန်းအားဖြင့် ၃၂.၃% မှ၂၅.၅% သို့ကျဆင်းနေပြီး မြို့ပြအိမ်ထောင်စုများအတွက် ၁၅.၂% နှင့် နှိုင်းယှဉ်ပါက အချိုးမညီစွာ ကျေးလက် ဒေသတွင် ၂၈.၆% ရှိနေဆဲဖြစ်သည်။ စိတ်ဝင်စားဖွယ် ကောင်းသည်မှာ အချိုး၏ကျဆင်းနှုန်းသည် အမျိုးသမီးများအတွက် အမျိုးသားများထက် ပို၍မြင့်မားပြီး ၂၅.၃% နှင့် ၁၈.၂% အသီးသီး ရှိနေခြင်းဖြစ်ပါသည်။ ဆင်းရဲ နွမ်းပါးခြင်းတွင်ဖြစ်သကဲ့သို့ ချင်းပြည်နယ်တွင် အလုပ်လုပ်နေသော ဆင်းရဲသူအချိုး အမြင့်ဆုံးရှိပြီး ထို့နောက်မှ ရခိုင်၊ ရှမ်း၊ တနင်္သာရီနှင့် ဧရာဝတီတို့ ရှိကြသည်။

***စုစုပေါင်း အလုပ်အကိုင်ရှိသူများအနက် ကိုယ်ပိုင်လုပ်ငန်း ကိုယ်တိုင်လုပ်သူနှင့် မိသားစုမှ ပါဝင်လုပ်ကိုင်သူများ အချိုး*** သည် အလုပ်အကိုင်ရှိခြင်း၏ ထိခိုက်လွယ်မှုအတွက် အတိုင်းအတာ တစ်ခုဖြစ်သည်။ ဤညွှန်ကိန်းသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၅၁.၈% မှ ၅၄.၃% သို့တိုးခဲ့ပြီးပြောင်းလဲမှုသည် (၅% အဆင့်တွင်) စာရင်းအင်း သဘောအရ ထူးခြားထင်ရှားသည်။ စိတ်ဝင်စားဖွယ် ကောင်းသည်မှာ အချိုးသည် ဆင်းရဲသူ အိမ်ထောင်စုများအတွက် မဆင်းရဲသူ အိမ်ထောင်စုများထက် ပို၍ နိမ့်ကျပြီး ၄၅% နှင့် ၅၇.၅% အသီးသီး ရှိခြင်းဖြစ်သည်။ ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ဆင်းရဲသူ အိမ်ထောင်စုများအတွက် ယင်းအချိုး သည် ၉% နိမ့်ကျခဲ့သည်။ အချိုးသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၅၇% နှင့် ၄၅.၇% အသီးသီး ဖြင့် ပို၍မြင့်မားပြီး အမျိုးသမီးများအတွက် အမျိုးသားများထက် ၅၇% ၅၂.၄% အသီးသီးဖြင့်ပို၍ မြင့်မားသည်။ ဤညွှန်ကိန်း၏ အမြင့်ဆုံးတန်ဖိုးကို ရှမ်း (၇၄.၂%)တွင် တွေ့ရပြီး ချင်း (၇၁.၅%)နှင့် ကရင် (၆၄.၉%) တို့လည်း မြင့်မားကြသည်။

***အသင့်အတင့် ပုံမှန်ကိုယ်အလေးချိန် မပြည့်သော သို့မဟုတ် အသင့်အတင့်အာဟာရချို့တဲ့သော အသက်ငါးနှစ်အောက်ကလေး ပျံ့နှံ့မှု*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၃၄.၃% မှ၃၂% သို့ ကျဆင်းခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားမှုမရှိပါ။ အာဟာရချို့တဲ့မှုသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၃၃.၇% နှင့်၂၅.၅% အသီးသီးဖြင့် အတော်အတန်မြင့်မားဆဲဖြစ်ပြီး မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ပို၍လျင်မြန်သည့်နှုန်းဖြင့် ကျဆင်းခဲ့ပြီး ၁၈.၈% နှင့်၃.၈% အသီးသီး

ရှိခဲ့ပါသည်။ ထို့ပြင်ညွှန်ကိန်းသည် ဆင်းရဲသူများတွင် မဆင်းရဲသူများထက် ၃၅.၂% နှင့်၃၀.၆% အသီးသီးဖြင့် ပို၍ မြင့်မားသော်လည်း ဆင်းရဲသူများတွင် မဆင်းရဲသူများထက် ပို၍လျင်မြန်သောနှုန်းဖြင့် ကျဆင်းခဲ့ပြီး ၇.၁% နှင့်၄.၇% အသီးသီးရှိခဲ့ပါသည်။ အသင့်အတင့် အာဟာရချို့တဲ့မှု၏ အမြင့်မားဆုံးအဆင့်ကို ရခိုင်တွင် ၅၂.၈% ဖြင့် တွေ့ရပြီး ထို့နောက်တွင် မကွေး (၃၇. ၄ %) ဧရာဝတီ (၃၄ %)နှင့် ချင်း (၃၃.၄ %) တို့ရှိကြသည်။

***အစားအစာမှ အာဟာရစွမ်းအင် ရရှိရန် အနိမ့်ဆုံးအဆင့် စားသုံးမှုအောက် သို့မဟုတ် အာဟာရချို့တဲ့မှုရှိသော လူဦးရေအချိုး*** ကို အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှုဖြင့် ကိုယ်စားပြုသည်။ ခြုံကြည့်လျှင် အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှုသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၁၀% မှ၅% သို့ လျော့နည်းသွားသည်ဟု ယူဆရပြီး ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည်။ ကျေးလက်ဒေသ၏ အစားအစာ ဆင်းရဲချို့တဲ့မှုသည် မြို့ပြဒေသ၏ ဆင်းရဲချို့တဲ့မှုထက် ၆% နှင့်၂% အသီးသီးဖြင့် အတော်အတန် ပိုမို မြင့်မားနေဆဲဖြစ်ပြီး မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ပိုမို လျင်မြန်သော နှုန်းဖြင့် လျော့နည်းခဲ့လျက် ၅၉% နှင့်၄၈% အသီးသီးရှိပါသည်။ အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှု၏ အများဆုံးတန်ဖိုးသည် ချင်းပြည်နယ်တွင် ၂၅% ဖြင့်ရှိခဲ့ပြီး ထို့နောက်တွင် ရခိုင် (၁၀ %)၊ တနင်္သာရီ (၉.၆ %)နှင့် ရှမ်း (၉ %) တို့ရှိကြသည်။

## ပန်းတိုင် ၂။ ကမ္ဘာအနှံ့ မူလတန်းပညာ တတ်မြောက်ကြစေရန်။

***မူလတန်းပညာရေးတွင် အသားတင်ကျောင်းဝင်နှုန်း*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၈၄.၇% မှ ၈၇.၇% သို့ တိုးလာပြီး ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရထူးခြားထင်ရှားသည်။ ဆင်းရဲသူများ၏ ကျောင်းဝင်နှုန်းသည် မဆင်းရဲသူများ၏ ကျောင်းဝင်နှုန်းထက် အတော်အတန် နိမ့်ကျပြီး ၈၁.၃% နှင့် ၉၀.၃% အသီးသီး ရှိကြသည်။ ကျောင်းဝင်နှုန်းသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ပို၍ နှေးကွေးသည့် နှုန်းဖြင့် တိုးလာပြီး ၁.၅% နှင့် ၃.၆% အသီးသီး ရှိကြသည်။ ကျေးလက်ဒေသများ၏ ကျောင်းဝင်နှုန်းသည် မြို့ပြဒေသများထက် နိမ့်ကျပြီး ၈၆.၇% နှင့် ၉၁.၈% အသီးသီးရှိကာ မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ၄.၈% နှင့် ၃.၂% အသီးသီးဖြင့် အနည်းငယ်ပို၍ မြင့်မားသော နှုန်းအရ တိုးခဲ့ပါသည်။ ကျား၊မ အရကား အသားတင်ကျောင်းဝင်နှုန်းများ ကွဲပြားခြားနားချက် မရှိပေ။ ပြည်နယ်အဆင့် မူလတန်း ပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း အမြင့်ဆုံးကို ပို၍ကြီးမားသော ကွာခြားချက်ဖြင့် ရခိုင် (၇၁%) တွင် တွေ့ရှိရသည်။

***အသက် ၁၅-၂၄ နှစ်အရွယ် အမျိုးသမီးနှင့် အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်း*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၉၁.၉% မှ ၉၅.၈% သို့ တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည်။ ဆင်းရဲသူများ၏ စာတတ်မြောက်မှုနှုန်းသည် မဆင်းရဲသူများထက် ၉၁.၃% နှင့် ၉၇.၇% အသီးသီးဖြင့် အတော်အတန် ပို၍ နိမ့်ကျသော်လည်း ဆင်းရဲသူနှင့် မဆင်းရဲသူများအတွက် စာတတ်မြောက်မှု နှုန်းသည် ၄.၂% နှင့် ၃.၈% အသီးသီးဖြင့် ဆင်တူစွာ တိုးခဲ့ပါသည်။ စာတတ်မြောက်မှုနှုန်းသည် ကျေးလက် ဒေသများတွင် မြို့ပြဒေသများထက် ၉၅.၁% နှင့် ၉၈.၂% အသီးသီးဖြင့် ပို၍ နိမ့်ကျသော်လည်း ကျေးလက် ဒေသများတွင် မြို့ပြဒေသများထက် ၅.၀% နှင့် ၂.၃% အသီးသီးဖြင့် ပို၍မြင့်မားသော နှုန်းအရ တိုးခဲ့ပါသည်။ စာတတ်မြောက်မှုနှုန်းများသည် ကျား၊မအရ အလွန်သေးငယ်သော ကွာခြားချက်များသာရှိပြီး ယင်း ကွာခြားချက်များသည် စာရင်းအင်းသဘောအရ ထူးခြား ထင်ရှားမှု မရှိပေ။ ပြည်နယ်အဆင့် စာတတ်မြောက်မှုနှုန်း အနိမ့်ဆုံးကို ရခိုင် (၈၀%) တွင် တွေ့ရှိရပါသည်။

**ပန်းတိုင် ၃။ ကျား၊မ တန်းတူညီမျှရေးအား မြှင့်တင်၍ အမျိုးသမီးများအား ဆောင်ရွက်ပိုင်ခွင့် ရရှိစေရန်။**

***မူလတန်းပညာရေးတွင် မိန်းကလေးများနှင့် ယောကျ်ားကလေးများ၏အချိုး*** သို့မဟုတ် ကျား၊မ တန်းတူညီမျှမှု အညွှန်းကိန်းသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၉၆.၁% မှ ၉၂.၆% သို့ ကျဆင်းခဲ့သော်လည်း ပြောင်းလဲမှုမှာ စာရင်းအင်းသဘောအရ ထူးခြားထင်ရှားမှု မရှိပါ။ ဤအချိုးသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၉၆.၇% နှင့်၉၁.၀% အသီးသီးဖြင့် ပိုမိုမြင့်မားပါသည်။ အတိုင်းအတာသည် ကျေးလက် ဒေသများတွင် မြို့ပြဒေသများထက် ၉၃.၃% နှင့်၈၉.၈% အသီးသီးဖြင့် ပို၍မြင့်မားပြီး မြို့ပြဒေသများတွင် တိုးခဲ့သော်လည်း ကျေးလက်ဒေသများတွင် ကျဆင်းခဲ့ပါသည်။ မူလတန်းပညာရေးတွင် မိန်းကလေးများနှင့် ယောကျ်ားလေးများ အချိုး အနိမ့်ဆုံးကို ကယားပြည်နယ် (၈၀.၂%)တွင် တွေ့ရပြီး စစ်ကိုင်း (၈၂.၅%)၊ မွန် (၈၆%)နှင့် ပဲခူး (၈၆.၆%) တို့တွင်လည်း နိမ့်ကျလျက်ရှိသည်။

***အလယ်တန်းနှင့် အထက်တန်း အခြေခံပညာရေးတွင် မိန်းကလေးများနှင့် ယောကျ်ားလေးများ အချိုး*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၁၀၂.၅% မှ၉၅.၆% သို့ ကျဆင်းခဲ့သော်လည်း ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားမှု မရှိပါ။ ဤအချိုးသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၁၀၀.၇% နှင့်၉၄.၄% အသီးသီးဖြင့် ပို၍မြင့်မားပါသည်။ အတိုင်းအတာသည် ကျေးလက်ဒေသများတွင် မြို့ပြဒေသများထက် ၉၃.၄% နှင့်၁၀၀.၈% အသီးသီးဖြင့် ပို၍နိမ့်ကျပြီး မြို့ပြဒေသများတွင် တိုးခဲ့သော်လည်း ကျေးလက်ဒေသများတွင် လျော့နည်းခဲ့ပါသည်။ ပြည်နယ်အဆင့် အလယ်တန်းနှင့် အထက်တန်းပညာရေးတွင် မိန်းကလေးများနှင့် ယောကျ်ားကလေးများ၏ အနိမ့်ဆုံး အချိုးကို ကြီးမားသောကွာခြားချက်ဖြင့် ရခိုင် (၇၀.၂%)တွင် တွေ့ရပြီး ပဲခူး (၇၉.၇%)တွင်လည်း နိမ့်ကျပါသည်။

***လယ်ယာမဟုတ်သော အခြားကဏ္ဍများ၌ လုပ်ခရ အလုပ်အကိုင်တွင် အမျိုးသမီးများ၏ ပါဝင်မှု အချိုး*** သည် ငွေကြေးစီးပွားရေး အတွင်းသို့ အမျိုးသမီးများ ပေါင်းစည်းပါဝင်မှုနှင့် ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများရှိ လုပ်သားဈေးကွက်ကို လက်လှမ်းမီနိုင်မှု၏ အတိုင်းအတာ တစ်ခုဖြစ်သည်။ ခြုံကြည့်လျှင် ဤညွှန်ကိန်းသည်၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၄၁.၃% မှ၄၄.၇% သို့ တိုးခဲ့ပြီးပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထင်ရှားပါသည်။ လုပ်ခရအလုပ်အကိုင်တွင် အမျိုးသမီးများ၏ ပါဝင်မှုအချိုးသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ပို၍နိမ့်ကျပြီး ၄၀.၃% နှင့်၄၆.၇% အသီးသီး ရှိပါသည်။ အချိုးသည် မဆင်းရဲသူများအတွက် ဆင်းရဲသူများထက် ၁၀.၈% နှင့်၄.၁% အသီးသီးဖြင့် ပို၍လျင်မြန်စွာ တိုးခဲ့ပါသည်။ ကျေးလက်အိမ်ထောင်စုများနှင့် မြို့ပြအိမ်ထောင်စုများအကြား ကွာခြားချက် အနည်းငယ်သာ ရှိပါသည်။ ဤညွှန်ကိန်း၏ ပြည်နယ်အဆင့် အနိမ့်ဆုံးတန်ဖိုးကို ကြီးမားသောကွာခြားချက်ဖြင့် ချင်းပြည်နယ်တွင် ၂၁.၇% ရှိကြောင်း တွေ့ရှိရသည်။

**ပန်းတိုင် ၄။ ကလေး သေဆုံးမှု လျှော့ချရန်။**

***ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် အသက်၁နှစ်အရွယ် ကလေးများ အချိုး*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၈၀.၃% မှ၈၂.၃% သို့ တိုးလာသော်လည်း ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားမှု မရှိပေ။ ဤအချိုးသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၇၅.၅% နှင့်၈၅.၆% အသီးသီးဖြင့် အတော်အတန် ပို၍နိမ့်ကျနေပြီး ဆင်းရဲသူများအတွက် ၂၀၀၅ခုနှစ် အဆင့်ဖြစ်သည့် ၇၈.၄% မှ လျော့နည်းခဲ့သည်။ (သို့သော် ဤပြောင်းလဲမှုသည် စာရင်းအင်း သဘောအရ ထူးခြားထင်ရှားခြင်း မရှိပေ)။ အတိုင်းအတာသည် ကျေးလက်ဒေသများတွင် မြို့ပြဒေသများထက် ၇၉.၆% နှင့်၉၁.၅% အသီးသီးဖြင့်

ပို၍နိမ့်ကျခဲ့ပြီး မြို့ပြ အိမ်ထောင်စုများ အကြား တိုးခဲ့သော်လည်း ကျေးလက်အိမ်ထောင်စုများအကြား ကျဆင်းခဲ့သည်။ ပြည်နယ်အဆင့် တန်ဖိုးအနိမ့်ဆုံးကို ချင်း (၅၈.၅%) တွင် တွေ့ရပြီး၊ ပဲခူး (၆၄.၆%)၊ ကချင် (၆၅%) နှင့် ရခိုင် (၆၈.၂%) တို့တွင်လည်း နိမ့်ကျပါသည်။

**ပန်းတိုင် ၅။ သားဖွားမိခင် ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန်။**

***ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှု အချိုး*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၇၂.၅% မှ ၇၇.၉% သို့ တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည်။ စောင့်ရှောက်မွေးဖွားမှု ပမာဏသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၆၉.၃% နှင့် ၈၁.၄% အသီးသီးဖြင့် အတော်အတန် ပို၍နိမ့်ကျနေသော်လည်း ၂၀၀၅ခုနှစ် မှ ၂၀၁၀ပြည့်နှစ် အတွင်း တိုးနှုန်းသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၇.၂% နှင့် ၅.၉% အသီးသီးဖြင့် အနည်းငယ်ပို၍မြင့်မားပါသည်။ အတိုင်းအတာသည် ကျေးလက်ဒေသများတွင် မြို့ပြဒေသများထက် ၇၄.၂% နှင့် ၉၂.၆% အသီးသီးဖြင့် အတော်အတန် နိမ့်ကျနေသော်လည်း ကျေးလက်ဒေသများတွင် မြို့ပြဒေသများထက် ၉.၃% နှင့် ၄.၅% အသီးသီးဖြင့် ပို၍လျင်မြန်စွာ တိုးခဲ့ပါသည်။ ညွှန်ကိန်း၏ အနိမ့်ဆုံးတန်ဖိုးကို ရခိုင် (၅၅.၂%) တွင် တွေ့ရပြီး ချင်း (၆၁.၃%) တွင်လည်း နိမ့်ကျပါသည်။

***သန္ဓေတားနည်းသုံးစွဲမှု ပျံ့နှံ့နှုန်း*** သည် ၂၀၁၀ပြည့်နှစ် အတွင်း ၃၉.၅% ဝန်းကျင်၌ တည်ရှိနေသည်။ ဆင်းရဲသော အိမ်ထောင်စုများမှ အမျိုးသမီးများနှင့် မဆင်းရဲသောအိမ်ထောင်စုများမှ အမျိုးသမီးများအကြား ပျံ့နှံ့နှုန်းသည် ၃၂% နှင့်၄၁.၉% အသီးသီးဖြင့် အတော်အတန် ကွာခြားမှု ရှိနေသည်။ ထို့တူ ကျေးလက်ဒေသများနှင့် မြို့ပြဒေသများအကြား ၃၇.၂% နှင့် ၄၆.၅% အသီးသီးဖြင့် အတော်အတန် ကွာခြားမှု ရှိနေသည်။ အနိမ့်ဆုံး ပမာဏကို ကြီးမားသော ကွာခြားချက်ဖြင့် ချင်းပြည်နယ်တွင် ၃% ရှိသည်ကို တွေ့ရသည်။

***ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (အနည်းဆုံး တစ်ခါ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြသမှု)*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၈၂.၅% မှ ၈၃.၃% သို့ အနည်းငယ် တိုးလာသော်လည်း ပြောင်းလဲမှုသည် စာရင်းအင်း သဘောအရ ထူးခြားထင်ရှားမှု မရှိပါ။ လွှမ်းခြုံမှု ပမာဏသည် ဆင်းရဲသူများ အတွက် မဆင်းရဲသူများထက် ၇၇.၂% နှင့် ၈၅.၇% အသီးသီးဖြင့် ပို၍နိမ့်ကျလျက်ရှိသော်လည်း မဆင်းရဲသော အိမ်ထောင်စုများ၏ ၀.၈% ကျဆင်းမှုနှင့် နှိုင်းယှဉ်လျှင် ဆင်းရဲသည့် အိမ်ထောင်စုများသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၂.၃% တိုးမှုကို တွေ့ကြုံခဲ့ရသည်။ အတိုင်းအတာသည် ကျေးလက်ဒေသများတွင် မြို့ပြဒေသများထက် ၈၀.၈% နှင့် ၉၃.၃% အသီးသီးဖြင့် အတော်အတန် ပို၍နိမ့်ကျနေသော်လည်း ကျေးလက် ဒေသများတွင် မြို့ပြဒေသများထက် ၁.၆% နှင့် ၀.၄% အသီးသီးဖြင့် ပို၍လျင်မြန်စွာတိုးခဲ့သည်။ ညွှန်ကိန်း၏ အနိမ့်ကျဆုံးတန်ဖိုးကို ချင်း (၆၀.၁%)တွင် တွေ့ရပြီး ရခိုင် (၆၇%) တွင်လည်း နိမ့်ကျပါသည်။

***မိသားစုအရွယ် စီမံချက်ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု*** သို့မဟုတ် အမျိုးသမီးများ၏ မျိုးဆက်ပွားရည်ရွယ်ချက်များ နှင့် သူတို့၏ သန္ဓေတားနည်း သုံးစွဲပြုမှုချက်များအကြား ကွာဟမှုသည် အိမ်ထောင်ပြုပြီးသည့် အမျိုးသမီး၂၄% ဝန်းကျင်ကို အကျိုးသက်ရောက်စေသည်။ ဆင်းရဲသည့်အိမ်ထောင်စုများနှင့် မဆင်းရဲသည့် အိမ်ထောင်စုများမှ အမျိုးသမီးများအကြား ၂၈.၃% နှင့်၂၂.၉% အသီးသီးဖြင့် ကွာခြားမှု အသင့်အတင့်ရှိသည်။ ကျေးလက်ဒေသများနှင့် မြို့ပြဒေသများမှ အိမ်ထောင်ရှိသည့် အမျိုးသမီးများအကြား ၂၇.၃%

နှင့်၁၄.၈% အသီးသီးဖြင့် အလွန်ပို၍ကြီးမားသော ကွာခြားချက်များ တည်ရှိသည်။ ညွှန်ကိန်း၏ အမြင့်ဆုံး ပမာဏကို မကွေး (၃၇.၅%) တွင် တွေ့ရပြီး ချင်း (၃၂.၈%) တွင်လည်း မြင့်မားပါသည်။

## ပန်းတိုင် ၆။ HIV/AIDS ၊ ငှက်ဖျားနှင့် အခြားရောဂါများကို တိုက်ဖျက်နှိမ်နင်းရန်။

***HIV/AIDS အကြောင်းကျယ်ပြန့် မှန်ကန်သော အသိပညာရှိသူ အသက်၁၅-၂၄နှစ်အရွယ် လူဦးရေ အချိုး*** သည် ၉၂.၁% ဝန်းကျင်၌ တကယ်ကိုမြင့်မား နေပါသည်။ ဆင်းရဲသောနှင့် မဆင်းရဲသော ဖြေကြားသူများအကြား ၈၉.၂% နှင့်၉၃.၂% အသီးသီးဖြင့် ကွာခြားချက် အနည်းငယ်ရှိသကဲ့သို့ ကျေးလက်ဒေသတွင် နေထိုင်သူများနှင့် မြို့ပြဒေသတွင် နေထိုင်သူများအကြား ၉၁.၂% နှင့်၉၅.၃% အသီးသီးဖြင့် ကွာခြားမှု အနည်းငယ် ရှိပါသည်။ ညွှန်ကိန်း၏ အနိမ့်ဆုံး ပမာဏကို ကြီးမားသော ကွာခြားချက်ဖြင့် ရခိုင် (၈၀.၂%)တွင် တွေ့ရှိရသည်။

***ကျောင်းတက်နေသော မိဘမဲ့သူနှင့် မိဘရှိသူ ကလေးများ အချိုး*** သည် မိဘမဲ့များအပေါ် AIDS ကူးစက်ရောဂါ၏ သက်ရောက်မှုအတွက် တစ်ပိုင်းတစ်စ အတိုင်းအတာတစ်ခုဖြစ်သည်။ ခြုံကြည့်လျှင် ၂၀၁၀ပြည့်နှစ် တွင် မိဘမဲ့များ၏ ကျောင်းတက်နေမှုသည် မိဘရှိသူများ ကျောင်းတက်နေမှု၏ ၀.၇% ဝန်းကျင် ရှိပါသည်။ အချိုးသည် ဆင်းရဲသော ဖြေကြားသူများအတွက် မဆင်းရဲသော ဖြေကြားသူများထက် ၁% နှင့်၀.၆% အသီးသီးဖြင့် ပို၍မြင့်မားပြီး မြို့ပြနေသူများအတွက် ကျေးလက်နေသူများထက် ၁.၃% နှင့်၀.၅% အသီးသီးဖြင့် ပို၍မြင့်မားပါသည်။ ကျား၊မအရ ကွာခြားချက်မရှိပါ။

***ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်သော အသက်၅နှစ်အောက်ကလေးများ အချိုး*** သည် ၂၀၁၀ပြည့်နှစ် အတွင်း ၁၁.၁% ဝန်းကျင်၌ ရှိသည်။ အချိုးသည်ဆင်းရဲသောဖြေကြားသူများအတွက် မဆင်းရဲသော ဖြေကြားသူ များထက် ၉.၃% နှင့်၁၁.၈% အသီးသီးဖြင့် ပို၍နိမ့်ကျပါသည်။ အချိုးသည် မြို့ပြနေသူများအတွက် ကျေးလက်နေသူ များထက် ၆.၉% နှင့်၁၂.၁% အသီးသီးဖြင့် ပို၍နိမ့်ကျပါသည်။ ယင်းတွေ့ရှိချက်က ကျေးလက်ဒေသများတွင် ငှက်ဖျားရောဂါနှင့် ထိတွေ့ရန် ပို၍ မြင့်မားသော အန္တရာယ်ရှိသည်ကို အသေအချာ ထင်ဟပ်ပြပါသည်။ မိန်းကလေးများသည် ယောကျ်ားလေးများထက် ၁၁.၈% နှင့် ၁၀.၄% အသီးသီးဖြင့် ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်ရန် အနည်းငယ် ပို၍ဖြစ်နိုင်ပါသည်။

## ပန်းတိုင် ၇ ။ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို မုချသေချာစေရန်။

ပုလင်းသွင်းထားသည့် ရေကိုဖယ်ထုတ်ထားသော ***ကောင်းမွန်သည့် သောက်ရေဇာစ်မြစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေ အချိုး*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၆၂.၆% မှ၆၉.၄% သို့ တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းသဘောအရ ထူးခြားထင်ရှားသည်။ ပမာဏသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၆၂.၂% နှင့်၇၁.၉% အသီးသီးဖြင့် အတော်အတန် ပို၍နိမ့်ကျနေပြီး ၂၀၀၅ ခု နှစ်နှင့် ၂၀၁၀ပြည့်နှစ် အတွင်း တိုးနှုန်းသည် မဆင်းရဲသူများအတွက် ဆင်းရဲသူများထက် ၁၂% နှင့် ၄.၇% အသီးသီးဖြင့် ပို၍မြင့်မားပါသည်။ အတိုင်းအတာသည် ကျေးလက်ဒေသများတွင် မြို့ပြဒေသများထက် ၆၅.၂% နှင့်၈၁.၄% အသီးသီးဖြင့် အတော်အတန် ပို၍ နိမ့်ကျနေ သော်လည်း ကျေးလက်ဒေသများတွင် ၁၈% ဖြင့် တိုးခဲ့ပါသည်။ ကောင်းမွန်သော သောက်ရေ ဇာစ်မြစ်ကိုအသုံးပြုမှုသည် စင်စစ် မြို့ပြဒေသများတွင် ၉.၂% ဖြင့် ကျဆင်းခဲ့ပြီး အသုံးပြုမှု ၆% မှ၁၃.၄% သို့ တိုးခဲ့သော ပုလင်းသွင်းထားသည့်ရေ (သောက်ရေသန့်ဘူး)ကို

ပို၍များပြားစွာ အသုံးပြုမှုကြောင့် ဖြစ်ရသည်။ ညွှန်ကိန်း၏ အနိမ့်ဆုံး တန်ဖိုးကို ဧရာဝတီ (၄၄.၆%)တွင် တွေ့ရပြီး ရခိုင် (၄၉.၅%)တွင်လည်း နိမ့်ကျပါသည်။

***ကောင်းမွန်သည့် အညစ်အကြေး သန့်ရှင်းရေး (မိလ္လာ)စနစ်အား အသုံးပြုလျက်ရှိသည့် လူဦးရေ အချိုး*** သည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၆၇.၃% မှ၇၉% သို့ တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်း သဘောအရ ထူးခြားထင်ရှားသည်။ ပမာဏသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၇၁.၅% နှင့်၈၁.၆% ဖြင့် အတော်အတန် ပို၍နိမ့်ကျသော်လည်း ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း တိုးနှုန်းသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၂၁.၉% နှင့်၁၄.၂% အသီးသီးဖြင့် ပို၍မြင့်မားပါသည်။ အတိုင်းအတာသည် ကျေးလက်ဒေသ များတွင် မြို့ပြဒေသများထက် ၇၇.၂% နှင့်၈၄.၁% အသီးသီးဖြင့် ပို၍ နိမ့်ကျသော်လည်း မြို့ပြဒေသများတွင် ၁၁.၃% တိုးခဲ့ခြင်းနှင့် နှိုင်းယှဉ်လျှင် ကျေးလက်ဒေသများတွင် ၁၉.၉% ဖြင့် တိုးခဲ့ပါသည်။ ညွှန်ကိန်း၏ အနိမ့်ကျဆုံး တန်ဖိုးကို ကြီးမားသောကွာခြားချက်ဖြင့် ရခိုင် (၅၄.၃%)တွင် တွေ့ရသည်။

***ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်ကြသည့် မြို့ပြလူဦးရေ အချိုး*** ကို အောက်ပါပင်ကိုလက္ခဏာများအနက် တစ်ခုသို့မဟုတ် ထို့ထက်ပို၍ ကင်းမဲ့သည့် အိမ်ထောင်စုများအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။ ယင်းတို့မှာ ကောင်းမွန်သော သောက်သုံးရေ လက်လှမ်းမီရရှိမှု၊ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ်အား လက်လှမ်းမီမှု၊ လုံလောက် သော နေထိုင်စားသောက်ရာနေရာ အကျယ်အဝန်းနှင့် နေအိမ်၏တာရှည်ခံမှု တို့ဖြစ်သည်။ အိမ်ထောင်စုများ၏ ၆၅% ဝန်းကျင်သည် လိုအပ်သည့် ပင်ကိုလက္ခဏာ တစ်ခုခုကင်းမဲ့ကြပြီး ၂၇% သည် နှစ်ခုကင်းမဲ့ကြသည်။ ဖြစ်ရပ် နှစ်မျိုးစလုံးတွင် ဆင်းရဲသောအိမ်ထောင်စုများသည် အဆိုးဖြင့် ပို၍ တွေ့ကြုံကြသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ ၈၂.၅% နှင့် ၅၀.၈% အသီးသီးသည် မဆင်းရဲသော အိမ်ထောင်စုများ၏ ၆၂.၁% နှင့် ၂၃.၁% အသီးသီးဖြင့် နှိုင်းယှဉ်လျှင် ပင်ကိုလက္ခဏာတစ်ခုခု သို့မဟုတ် နှစ်ခု ကင်းမဲ့ကြသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ကွဲလွဲမှုအတော်အတန်ရှိနေပြီး ဖြစ်ရပ်နှစ်ခုစလုံးတွင် အဆင့်အားဖြင့် တန်းစီပါက တနင်္သာရီနှင့် ရခိုင်တို့သည် အဆိုးဆုံးတွင် တည်ရှိနေသည်။

**အကျဉ်းချုပ်။ အဓိက MDG ညွှန်ကိန်းများ၏ အလားအလာများ၊ ၂၀၀၅ နှင့် ၂၀၁၀။**

အောက်တွင် ဖော်ပြထားသည့် MDG ညွှန်ကိန်းအများစုသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း တိုးတက် ကောင်းမွန်ခဲ့သော်လည်း ယင်းသို့သော တိုးတက်ကောင်းမွန်မှု၏ သုံးပုံ တစ်ပုံ ဝန်းကျင်သည်သာ စာရင်းအင်းအရ ထူးခြားထင်ရှားသည်။ စာရင်းအင်းအရ ထူးခြား ထင်ရှားစွာ တိုးတက် ကောင်းမွန်မှု၏ အဓိကနယ်ပယ်များသည် ဆင်းရဲနွမ်းပါးမှု၊ အလုပ်အကိုင်ရှိမှု၊ မူလတန်း ပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်းနှင့် ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းသည့်စနစ်ကို အသုံးပြုမှုတို့နှင့် ဆက်နွယ်လျက်ရှိသည်။ ဆုတ်ယုတ်မှု၏ အဓိက နယ်ပယ်များသည် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးတွင် ကျား၊မ တန်းတူညီမျှမှု၊ ဆင်းရဲသော အိမ်ထောင်စုများအတွက် ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးမှုတို့နှင့် သက်ဆိုင်သော်လည်း ဤပြောင်းလဲမှုများမှာ စာရင်းအင်းအရ ထူးခြားထင်ရှားမှု မရှိပေ။ ကိုယ်ပိုင် အလုပ် ကိုယ်တိုင်လုပ်သူနှင့် မိသားစုမှ ပါဝင်အလုပ်လုပ်သူများ မြင့်မားလာခြင်းသည် ထိခိုက်လွယ်သော အလုပ် အကိုင်တွင် တိုးပွားမှုကို ညွှန်ပြနေပုံ ရသော်လည်း ဤညွှန်ကိန်းသည် ဆင်းရဲသူများအကြား ကျဆင်း ခဲ့သည်ကို သတိမူရပေမည်။ ခြုံကြည့်လျှင် ဤအချက်အလက်များသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း မြန်မာနိုင်ငံ၏ စားဝတ်နေရေး ပြည့်စုံ ဖူလုံမှုအတွက် အတိုင်းအတာတစ်စုကို ဖြန့်ကြက်၍ ယေဘုယျ အားဖြင့် အသင့်အတင့် တိုးတက် ကောင်းမွန် လာခြင်းကို ညွှန်ပြပါသည်။

## အဓိက MDG ညွှန်ကိန်းများ၏ အလားအလာများ၊ ၂၀၀၅ နှင့် ၂၀၁၀

| | | တိုးတက်ကောင်းမွန်ခြင်း | | ယိုယွင်းခြင်း | | အပြောင်းအလဲ မရှိ | |
|---|---|---|---|---|---|---|---|
| | | ဆင်းရဲသူ | အားလုံး | ဆင်းရဲသူ | အားလုံး | ဆင်းရဲသူ | အားလုံး |
| ပန်းတိုင် ၁။ ဆင်းရဲနွမ်းပါးခြင်းနှင့် ငတ်မွတ်မှု | | | | | | | |
| ၁ | ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု | | X* | | | | |
| ၂ | ဆင်းရဲနွမ်းပါးခြင်း ကွာဟမှု | | X* | | | | |
| ၃ | စုစုပေါင်းစားသုံးမှုတွင် အဆင်းရဲဆုံးအိမ်ထောင်စု ၂၀%၏ ပါဝင်မှု | | X | | | | |
| ၄ | အလုပ်အကိုင်ရှိသူ / လူဦးရေ | | X* | | | | |
| ၅ | အလုပ်လုပ်သော ဆင်းရဲသူ | | X* | | | | |
| ၆ | ကိုယ်ပိုင်လုပ်ငန်း ကိုယ်တိုင်လုပ်သူနှင့် မိသားစုမှ ပါဝင်လုပ်ကိုင်သူ | X* | | | X | | |
| ၇ | အသင့်အတင့် ကိုယ်အလေးချိန် မပြည့်ခြင်း | X | X | | | | |
| ၈ | အစားအစာ ဆင်းရဲချို့တဲ့ခြင်း ဖြစ်မှု | | X* | | | | |
| ပန်းတိုင် ၂။ ကမ္ဘာအနှံ့ မူလတန်းပညာရေး | | | | | | | |
| ၉ | အသားတင်ကျောင်းဝင်နှုန်း | X | X* | | | | |
| ၁၀ | စာတတ်မြောက်မှု | X* | X* | | | | |
| ပန်းတိုင် ၃။ ကျား၊မ တန်းတူညီမျှမှု | | | | | | | |
| ၁၁ | မူလတန်းပညာရေးတွင် မိန်းကလေး / ယောကျ်ားကလေး | | | X | X | | |
| ၁၂ | အလယ်တန်း၊ အထက်တန်း ပညာရေးတွင် မိန်းကလေး / ယောကျ်ားကလေး | | | X | X | | |
| ၁၃ | လုပ်ခရအလုပ်အကိုင်တွင် အမျိုးသမီးများ၏ပါဝင်မှု၊ လယ်ယာကဏ္ဍ မဟုတ် | X | X* | | | | |
| ပန်းတိုင် ၄။ ကလေးသေဆုံးမှု | | | | | | | |
| ၁၄ | ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် အသက် ၁-နှစ်အရွယ် ကလေးများ | | X | X | | | |
| ပန်းတိုင် ၅။ သားဖွားမိခင် ကျန်းမာရေး | | | | | | | |
| ၁၅ | ကျွမ်းကျင်သူဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှုများ | X | X* | | | | |
| ၁၆ | ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (အနည်းဆုံးတစ်ခါ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြသမှု) | X | | | | | X |
| ပန်းတိုင် ၇။ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့နိုင်ခြင်း | | | | | | | |
| ၁၇ | ကောင်းမွန်သော သောက်ရေဇာစ်မြစ် | X | X* | | | | |
| ၁၈ | ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ် | X* | X* | | | | |

* ၅% တွင် စာရင်းအင်းအရ ထူးခြားထင်ရှားသည်။

# ၁။ နိဒါန်း

## *၁-၁။ နောက်ခံအကြောင်းအရာ*

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု (IHLCA)သည် ဗဟုရည်ရွယ်ချက်ရှိသော အိမ်ထောင်စုစစ်တမ်း တစ်ခုဖြစ်ပြီး စားဝတ်နေရေး အခြေအနေများနှင့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အဓိက ရှုထောင့်အမြင် များအတွက် အချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။ ပထမ IHLCA စစ်တမ်းကို ၂၀၀၄-၂၀၀၅ တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့ပါဝင်သည့် အမျိုးသားမိတ်ဖက် အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် ကောက်ယူခဲ့ပါသည်။ IHLCA-1 သည် မြန်မာနိုင်ငံအနှံ့ ကျေးလက်ဒေသနှင့် မြို့ပြဒေသများမှ အိမ်ထောင်စုပေါင်း ၁၈၆၆၀ ပါဝင်သည့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော နမူနာတစ်ခု ဖြစ်ခဲ့သည်။ စစ်တမ်းသည် မေးခွန်းလွှာ၏ အသေးစိတ် စားသုံးမှုအပိုင်း မှရရှိချက်အရ ဆင်းရဲနွမ်းပါးမှု ပမာဏများကို ခန့်မှန်းစေနိုင်ခဲ့ပြီး ခေတ်မီလုပ်ငန်း စံချိန်မီ နည်းပညာများ အသုံးပြု၍ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းကို ခန့်မှန်းစေနိုင်ခဲ့သည်။

မြန်မာနိုင်ငံ အစိုးရ၏ မေတ္တာရပ်ခံချက်အရ UNDP ၊ UNICEF နှင့် Sida တို့သည် မူလ IHLCA ၏ နောက်ဆက်တွဲ စစ်တမ်းတစ်ခုကို ပံ့ပိုးကူညီ ပေးခဲ့ကြသည်။အဓိက ရည်ရွယ်ချက်မှာ ၂၀၀၄-၂၀၀၅ အချက်အလက်များကို အချိန်နှင့် တစ်ပြေးညီအောင် ဆောင်ရွက်ခြင်းဖြင့် စားဝတ်နေရေး အခြေအနေများ၏ ပမာဏများနှင့် အလားအလာများအပေါ် နားလည်မှုအသစ် ဖြန့်ပေးရန်ဖြစ်သည်။ ဤရည်ရွယ်ချက် ပန်းတိုင်ဖြင့် ၂၀၀၉ခုနှစ် ဧပြီလတွင် သက်ဆိုင် ပတ်သက်သူများနှင့် စစ်တမ်းဒီဇိုင်း အချက်အလက် စိစစ်ခြင်းနှင့် စီစဉ်တွက်ချက်ခြင်း ကိစ္စရပ်များကို ဆွေးနွေးရန် အတွက် နည်းပညာဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခုကို ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ရလဒ်များကို အချိန် အလိုက် ရှေ့နောက်ညီညွတ်သော နှိုင်းယှဉ်မှုများ ဖြစ်မြောက်စေရန်အတွက် IHLCA-I တွင် IHLCA-II ၏ ဆင်တူ စီစဉ်ဖွဲ့စည်းမှုပုံစံကို ထိန်းသိမ်းထားရန် သဘောတူခဲ့ကြသည်။

## *၁-၂။ အချက်အလက် ဇာစ်မြစ်များ၊ ကောက်ယူခြင်းနှင့်စိစစ်ခြင်း*[၁]

IHLCA-II စစ်တမ်းတွင် အဓိကကိရိယာ သုံးမျိုးပါဝင်သည်။ အိမ်ထောင်စု မေးခွန်းလွှာ၊ အဓိက သတင်းပေးသူများအတွက် ရပ်ရွာမေးခွန်းလွှာ နှင့် ရပ်ရွာဈေးနှုန်း မေးခွန်းလွှာ တို့ဖြစ်သည်။

အိမ်ထောင်စု မေးခွန်းလွှာသည် *MDG အချက်အလက် အစီရင်ခံစာ* တွင် တင်ပြထားသည့် သတင်းအချက်အလက် အများစု၏ အခြေခံဖြစ်သည်။ မေးခွန်းလွှာတွင် အောက်ပါအပိုင်းများ ပါဝင်သည်။

(က) အိမ်ထောင်စု ပင်ကိုလက္ခဏာများ
(ခ) အိုးအိမ်
(ဂ) ပညာရေးနှင့် စာတတ်မြောက်မှု

---

[၁] ဤအရေးကြီးသော အကြောင်းကိစ္စများကို IHLCA-II ၏ *စစ်တမ်းဒီဇိုင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နည်းပညာ အစီရင်ခံစာ* ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ပို၍များပြားစွာ အသေးစိတ် ဆွေးနွေးထားသည်။

(ဃ) ကျန်းမာရေး၊ အာဟာရနှင့် သေဆုံးမှု
(င) စားသုံးမှု အသုံးစရိတ်
(စ) အိမ်ထောင်စု ပိုင်ပစ္စည်းများ၊ လက်ဆောင်များနှင့် လွှဲပို့ငွေများ
(ဆ) လုပ်သားနှင့် အလုပ်အကိုင်
(ဇ) စီးပွားရေးလုပ်ငန်းများ
(ဈ) ငွေရေးကြေးရေးနှင့် စုဆောင်းမှု

အဓိက သတင်းပေးသူများအတွက် ရပ်ရွာမေးခွန်းလွှာတွင် အခြေခံအဆောက်အအုံ၊ အိုးအိမ်၊ စီးပွားရေးလုပ်ငန်းများ၊ ကျောင်းများ၊ ကျန်းမာရေး ဝန်ဆောင်မှုပေးရာ ဌာနများ စသည်တို့နှင့်ဆိုင်ရာ ရပ်ရွာအဆင့် သတင်း အချက် အလက်များ ပါဝင်သည်။ ဤအချက်အလက်များကို အိမ်ထောင်စုအဆင့် သတင်းအချက်အလက်များအပေါ် အာရုံစူးစိုက်ထားသည့် MDG အချက်အလက် အစီရင်ခံစာတွင် တင်ပြမထားပါ။ ရပ်ရွာဈေးနှုန်း မေးခွန်းလွှာမှ အချက်အလက်များကို တည်နေရာ (ပြည်နယ်များ၊ တိုင်းဒေသကြီးများ) နှင့် အချိန် (၂၀၀၄-၂၀၀၅ နှင့် ၂၀၀၉-၂၀၁၀) ကွာခြားချက်အတွက် စားသုံးမှု အသုံးစရိတ် အချက်အလက်များကို ကိုက်ညှိရန် အသုံးပြုခဲ့သည်။

IHLCA-I ၏ စီစဉ်ဖွဲ့စည်းမှုပုံစံအတိုင်း လိုက်၍ အချက်အလက် ကောက်ယူမှုကို ၂၀၀၉-၂၀၁၀ ဒီဇင်ဘာ-ဇန္နဝါရီနှင့် ၂၀၁၀ မေလတွင် နှစ်ကြိမ်ဆောင်ရွက်ခဲ့သည်။ နှစ်ကြိမ်ဆောင်ရွက်ခြင်း၏ မူလသဘောတရားမှာ စိုက်ပျိုးရေး ရာသီစက်ဝန်းနှင့် အဓိကအားဖြင့် ဆက်စပ်လျက်ရှိသော အဓိက လူနေမှုဘဝ ပြည့်စုံဖူလုံမှု ညွှန်ကိန်းများ၏ ရာသီလိုက်ပြောင်းလဲမှုကို အမိအရ ဖမ်းမိရန် ဖြစ်သည်။ ယေဘုယျအားဖြင့် ဒီဇင်ဘာ-ဇန္နဝါရီကို မိုးစပါး ရိတ်သိမ်းပြီးနောက် သို့မဟုတ် ရိတ်သိမ်းစဉ် ကျေးလက်အိမ်ထောင်စု အများအပြားအတွက် ပို၍ ချမ်းသာ ဝပြောသော ကာလတစ်ခုအဖြစ် သတ်မှတ်သည်။ မေလသည် နွေလများ အတွင်း ကျရောက်၍ အခက်အခဲပိုရှိသော အချိန်တစ်ချိန်ဖြစ်သည်။ သီးခြားစာရင်း ကောက်သည့်အကြိမ်များမှ အချက်အလက်များသည် 'အမှန်' ပျမ်းမျှခြင်းနှင့် စားသုံးမှု အသုံးစရိတ် ကဲ့သို့သော တစ်နှစ်အတွင်း မြင့်မားသော အဆင့်နှင့် နိမ့်ကျသော အဆင့်များကို တွေ့ကြုံရသည့် အချက်အလက်များအတွက် နှစ်အလိုက် ကိန်းဂဏန်းများကို ခန့်မှန်းရန် လိုအပ်သည်။ IHLCA-II သည် ရာသီအလိုက် ပြောင်းလဲရန် မျှော်မှန်းရသည့် ညွှန်ကိန်းများအတွက် ဤစီစဉ်ဖွဲ့စည်းမှုပုံစံကို စွဲကိုင်ထားသည်။

အချက်အလက် ကောက်ယူသည့် အဆင့်တွင် တိုင်းတာမှု အမှားများကို လျှော့ချရန် အတိုင်းအတာ တချို့ကို နေရာတကျ ရှိစေသည်။ ရှေ့နောက်ညီညွတ်မှု စစ်ဆေးခြင်းကို စာရင်းကောက်ယူသည့် နေရာတွင် ကွင်းဆင်းစာရင်းကောက်မှုကို ကြီးကြပ် သူများက ဆောင်ရွက်ကြသဖြင့် စာရင်းကောက်သူများကို ဖြေကြားသူများထံ ပြန်လည်သွားရောက်ပြီး ကွဲပြားခြားနား နေသည့် သတင်း အချက်အလက်များကို စူးစမ်းမှု ပြုစေနိုင်သည်။ ဘာသာပြန်သည့် ကိစ္စများ၊ အဓိပ္ပာယ် ကောက်ယူရာတွင် ဆက်စပ် စဉ်းစားရမည့် အကြောင်းအရာ ကွဲပြားခြားနားမှုများက ရလဒ်များကို ဩဇာလွှမ်းမှုမပြုမည့် ဖြစ်နိုင်ခြေကို တိုးစေရန် ကွင်းဆင်း စာရင်း ကောက်သူများကို ဒေသခံများမှ စည်းရုံးစုဆောင်းသည်။ ဤသို့ဆောင်ရွက်ခြင်းအပြင် ဖြေကြားသူများကို ကျားမအလိုက် တူညီစွာ တွေ့ဆုံမေးမြန်းနိုင်စေရန် ကွင်းဆင်းစာရင်းကောက် အဖွဲ့များတွင် အမျိုးသားနှင့် အမျိုးသမီး စာရင်းကောက်သူများ ပါဝင်ခဲ့သည်။ ရည်ရွယ်ချက်မှာ မျိုးဆက်ပွား ကျန်းမာရေး ကဲ့သို့သော အကြောင်းကိစ္စများနှင့် စပ်လျဉ်းသည့် အထိမခံနိုင်သော သတင်းအချက်အလက်များ၏ ကျိုးကြောင်းညီညွတ်မှုကို မြှင့်တင်ရန်ဖြစ်သည်။

ကွန်ပျူတာတွင် အချက်အလက် ထည့်သွင်းခြင်းနှင့် သန့်စင်ခြင်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (MNPED) ဝန်ကြီးဌာန၏ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန (PD)က ကမ္ဘာ့ဘဏ်၏ နည်းပညာ အကူအညီဖြင့် တာဝန်ယူလက်ခံ ဆောင်ရွက်ခဲ့သည်။ အချက်အလက် စိစစ်ခြင်းကို ပထမ IHLCA ဆောင်ရွက်စဉ်က ဖြည့်ဆည်းပေးခဲ့သည့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် လေ့ကျင့်သင်တန်းပေးမှုကို အခြေတည်၍ IHLCA နည်းပညာယူနစ်က လုပ်ဆောင်ခဲ့သည်။ နမူနာ ကောက်ယူခြင်း၊ စံမှားယွင်းချက် ခန့်မှန်းခြင်းနှင့် စပ်လျဉ်းသည့် စာရင်းအင်း စိစစ်မှုဆိုင်ရာ ပံ့ပိုးကူညီမှုကို Statistics Sweden က ဖြည့်ဆည်းပေးခဲ့သည်။

## *၁-၃။ နမူနာကောက်ခြင်း ကိစ္စရပ်များ*[၂]

IHLCA-II သည် တစ်နိုင်ငံလုံးကို၊ ကိုယ်စားပြုလျက် ယခင်စစ်တမ်းနှင့် ၅၀% ထပ်တူ ကောက်ယူသည့် စစ်တမ်းတစ်ခုဖြစ်ပြီး နမူနာအရွယ်မှာ အိမ်ထောင်စုပေါင်း ၁၈၆၆၀ ဖြစ်သည်။ အစကတည်းက 'ကိုယ်စားပြုသော' နှင့် 'ထပ်တူကောက်ယူသော' စကားရပ်များ၏ အဓိပ္ပာယ်ကို ရှင်းလင်းထားရန် အရေးကြီးသကဲ့သို့ ၂၀၀၈ ခုနှစ် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းက ဖြစ်ပေါ်စေသည့် သီးသန့်နမူနာ ကောက်ခြင်းဆိုင်ရာ ပြဿနာများအကြောင်း ပြောထားရန် အရေးကြီးပါသည်။

IHLCA စစ်တမ်းများသည် မြန်မာနိုင်ငံ လူဦးရေကို 'ကိုယ်စားပြုသည်' ဆိုရာ၌ နမူနာရလဒ်များနှင့် လူဦးရေ တစ်ခုလုံးမှ 'အမှန်' ရလဒ်များအတွင်း ဆက်နွယ်မှုကိုခန့်မှန်းရန် ဖြစ်နိုင်သည်ဟု ဆိုလိုသည်။ ဤသို့သော ခန့်မှန်းခြေများ ပြုလုပ်ရန်နှင့် ယင်းတို့ကိုမှန်ကန်စွာ အဓိပ္ပာယ်ကောက်ရန်အတွက် သဘောတရား လေးမျိုးဖြစ်သည့် (က) စံမှားယွင်းချက်များ (ခ) နမူနာကောက်အမှား (ဂ) စိတ်ချရ ကြားပိုင်းများနှင့် (ဃ) စာရင်းအင်းဆိုင်ရာ ထူးခြားမှုအဆင့် များကိုထပ်မံ အဓိပ္ပာယ်ဖွင့်ဆိုရန် အရေးကြီးပါသည်။

(က) ခန့်မှန်းနမူနာကိန်းများသည် ဦးရေတစ်ခုလုံး၏ သက်ဆိုင်ရာ 'အမှန်' တန်ဖိုးများမှမည်မျှ ကွဲပြားခြားနားသည်ကို တိုင်းတာသည့် အတိုင်းအတာကို *စံမှားယွင်းချက်များ* က ဖြည့်ဆည်းပေးသည်။ ယင်းတို့ကို ကွဲလွဲချက်နှင့် နမူနာမှလေ့လာချက် အရေအတွက်တို့ကို အခြေခံပြီး တွက်ချက်ရယူသည်။ ကွဲလွဲချက်သည် ကိန်းရှင်တစ်ခု၏ တန်ဖိုးများ ပျံ့နှံ့မှု သို့မဟုတ် ပြန့်ကားခြင်း အတိုင်းအတာ တစ်ခုဖြစ်သည်။

(ခ) နမူနာခန့်မှန်းခြေများနှင့် ဦးရေတန်ဖိုးများအကြား ခန့်မှန်းကွဲပြားခြားနားချက်ကို *နမူနာကောက်အမှား* ဟုခေါ်သည်။ နမူနာကောက် အမှားပမာဏကို ရည်ညွှန်းပါ စံမှားယွင်းချက်များ၏ ပမာဏကို စစ်ဆေးခြင်းဖြင့်သိရသည်။

(ဂ) *စိတ်ချရကြားပိုင်း* များသည် တန်ဖိုးမသိရသည့် ဦးရေဇာတိကိန်း တစ်ခုအတွက် ဖြစ်နိုင်ခြေရှိသော တန်ဖိုးများ၏ အပိုင်းအခြား တစ်ခုကိုပေးသည်။ စိတ်ချရကြားပိုင်း ကျယ်ပြန့်လေလေ တန်ဖိုးမသိသော ဇာတိကိန်းအကြောင်း ပို၍မသေချာ မရေရာလေ ဖြစ်ရသည်။ စိတ်ချစည်းများသည် စိတ်ချရ ကြားပိုင်း၏ အောက်နှင့်အထက် အနားသတ်တန်ဖိုးများ ဖြစ်သည်။

---

[၂] ဤကိစ္စရပ်များကို IHLCA-II *စစ်တမ်းဒီဇိုင်းနှင့် အကောင်အထည် ဖော်ဆောင်ရွက်ခြင်း ဆိုင်ရာနည်းပညာ အစီရင်ခံစာ* ၂၀၁၀ပြည့်နှစ် ဖေဖော်ဝါရီလ ၁၅ရက် တွင် ပို၍များပြားစွာ အသေးစိတ် ဆွေးနွေးထားသည်။

(ဃ) *စာရင်းအင်းဆိုင်ရာ ထူးခြားမှုအဆင့်များ*သည် နမူနာရလဒ်များကို အကြောင်းတိုက်ဆိုင်မှုကြောင့် ရရှိခဲ့ခြင်း မဟုတ်ကြောင်း သေချာမှုဒီဂရီ တစ်ခုကိုပေးသည်။ အစဉ်အလာအရ စာရင်းအင်းဆိုင်ရာ ထူးခြားမှုကို ၅% အဆင့်တွင် ထားလေ့ရှိသည်။

ဤသဘောတရားလေးမျိုးသည် MDG အချက်အလက် အစီရင်ခံစာမှ ရလဒ်များကို အဓိပ္ပာယ် ကောက်ယူမှုနှင့် နည်း နှစ်မျိုးအရ ဆက်စပ်နေသည်။

ပထမဦးစွာ၊ စံမှားယွင်းချက်များကို MDG အချက်အလက် အစီရင်ခံစာမှ ရလဒ်အားလုံးအောက်တွင် (ဝိုက်ကွင်းအတွင်း) ဖော်ပြထားသည်။ အကယ်၍ စံမှားယွင်းချက်ကို (၁.၉၆) ၏ အနီးစပ်ဆုံး တန်ဖိုး ၂ ဖြင့် မြှောက်ပြီးနောက် ယင်းတန်ဖိုးကို ရလဒ်တန်ဖိုးတွင် ပေါင်း၊ နုတ်ခဲ့လျှင် MDG အချက်အလက် အစီရင်ခံစာမှ အချက်အလက် အားလုံးအတွက် ၉၅% စိတ်ချရကြားပိုင်းများကို ရရှိသည်။ တစ်နည်း အားဖြင့်ဆိုရလျှင် IHLCA-II မှ ခန့်မှန်းနမူနာ ရလဒ်များသည် မြန်မာနိုင်ငံ၏ 'အမှန်' ဦးရေရလဒ်များမှ မည်မျှကွာခြားသည်ကို ၉၅%စိတ်ချမှုဖြင့် သတ်မှတ်နိုင်သည်။

ဒုတိယအနေဖြင့် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အကြား ခြားနားချက်များ၏ စာရင်းအင်းဆိုင်ရာ ထူးခြားထင်ရှားမှု စစ်ဆေးချက်များကို အစီရင်ခံစာအုပ်တွင် အစီရင်ခံ တင်ပြထားပြီး ဤစာအုပ်၏ အဆုံး၌ စာရင်းအင်းဆိုင်ရာ နောက်ဆက်တွဲတွင် တင်ပြထားသည်။ အကယ်၍ ခြားနားချက်များသည် စာရင်းအင်းဆိုင်ရာ ထူးခြားထင်ရှားမှု ရှိသည်ဟု ယူဆရပါက ထိုသို့သော ခြားနားချက်များသည် မြန်မာနိုင်ငံ လူဦးရေတွင် 'အမှန်တကယ်' ခြားနားချက်များကို ထင်ဟပ်ပြပြီး အခွင့်အလမ်းကြောင့် နမူနာတွင် ခြားနားခြင်းများ မဟုတ်ကြောင်း အနည်းဆုံး ၉၅% သေချာသည်ဟု သာမန်အားဖြင့် ဆိုလိုသည်။ ထိုသို့သော ခြားနားချက်များသည် စီးပွားရေးအရ သို့မဟုတ် လူမှုရေးအရ ထူးခြားသည် ဟုမဆိုလိုပါ။ စာရင်းအင်းဆိုင်ရာ နောက်ဆက်တွဲတွင် 'P-တန်ဖိုး' အမှန်များကို ဖော်ပြထားခြင်းကို သတိမူသင့်သည်။ ဤတန်ဖိုးများသည် တွေ့ရှိရသည့် ခြားနားချက်များ အခွင့်အလမ်းကြောင့်ဖြစ်သည့် အမှန်တကယ် ဖြစ်တန်စွမ်းများကို ကိုယ်စားပြုသည်။ ထို့ကြောင့် ၀.၀၅ ထက်ငယ်သော သို့မဟုတ် တူညီသော 'P-တန်ဖိုး' အားလုံးသည် ၅% အဆင့်တွင် စာရင်းအင်းဆိုင်ရာ ထူးခြားထင်ရှားကြသည်။

IHLCA-II တွင် ယခင်စစ်တမ်းမှ နမူနာယူနစ်များကို ထပ်တူကောက်ယူမှု ပါဝင်သည်။ ဆိုလိုသည်မှာ အိမ်ထောင်စုများ၏ ၅၀%သည် ၂၀၀၄-၀၅ တွင် ကောက်ယူခဲ့သည့် အိမ်ထောင်စုများနှင့် ထပ်တူဖြစ်သည်။ ထပ်တူကောက်ယူမှုမှ အချက်အလက်များသည် ကွဲပြားခြားနားသော အချိန်မှတ်များတွင် တည်ရှိသည့် ဆင်းရဲနွမ်းပါးမှု ပမာဏကို စိစစ်မှုသက်သက်သာမက အိမ်ထောင်စု အသီးသီး၏ ဆင်းရဲသွားခြင်း၊ ဆင်းရဲခြင်းမှ လွတ်မြောက်ခြင်း တည်းဟူသော ဆင်းရဲခြင်း အပြောင်းအလဲကို စိစစ်မှုအား ဖြစ်မြောက်စေသည်။ တစ်နည်းဆိုရလျှင် ယင်းသည် အလွန်ကွဲပြား ခြားနားသည့် မူဝါဒပိုင်းဆိုင်ရာ တုံ့ပြန်မှုပြုလုပ်ရန် လိုအပ်မည့် ခဏပန်း ဆင်းရဲခြင်း နှင့် တာရှည်ဆင်းရဲမှု နှစ်မျိုးစလုံးကို စိစစ်မှုတစ်ခုအား ဖြစ်ပေါ်ခွင့် ပေးပေသည်။ ဤသို့သော အကြောင်းကိစ္စများကို တွဲဖက်စာအုပ်ဖြစ်သည့် *'ဆင်းရဲနွမ်းပါးမှု ရွေ့လျား ပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ'* တွင် ပို၍အသေးစိတ် ကိုင်တွယ်ထားသည်။

*နမူနာကောက်ခြင်း ရှုထောင့်အရ* နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် စိုးရိမ်ဖွယ်ရာ လက်ငင်းစိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ ဆိုလိုသည်မှာ ကျေးရွာအချို့သည် 'ပျောက်ကွယ်သွားခြင်း' သို့မဟုတ် စစ်တမ်းတစ်ခု ကောက်ယူမှုကို ဟန့်တား လောက်အောင် ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်ပျက်စီး ခဲ့ပါသည်။ အထူးသဖြင့် ဧရာဝတီတိုင်း ဒေသကြီးမှ ဘိုကလေးနှင့် လပွတ္တာမြို့နယ်များ အတွင်းရှိကျေးရွာ တစ်ဆယ့်တစ်ရွာတွင်

ပြဿနာ ဖြစ်ပေါ်ခဲ့သည်။ ဤအခက်အခဲကို ကိုင်တွယ်ရန် ကျေးရွာအုပ်စု အတူတူ သို့မဟုတ် အနီးအနား ကျေးရွာအုပ်စုများမှ ဆင်တူပင်ကိုလက္ခဏာများရှိသည့် ကျေးရွာ တစ်ဆယ့်တစ်ရွာကို နမူနာစာရင်းစဉ်တွင် အစားထိုးခဲ့သည်။ အလေးထားရန်မှာ ဤအဖြစ်ဆိုးနှင့် ဆက်စပ်၍ အနံ့အပြား အသက်ဆုံးရှုံးမှုသည် အကယ်၍ သေဆုံးသူများသည် အသက်ရှင် ကျန်ရစ်သူများထက် ပျှမ်းမျှခြင်းအားဖြင့် အခြေအနေ ပို၍မဆိုး/အခြေအနေ ပို၍မကောင်းခဲ့ပါက ဆင်းရဲနွမ်းပါးမှုနှုန်းများကို တိုးလာစေခြင်း သို့မဟုတ် လူမှုရေးညွှန်ကိန်းများကို ဆိုးရွားစေမည် မဟုတ်ပေ။[၆]

## *၁-၄။ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် အချက်အလက် အစီရင်ခံစာ၏ စီစဉ်ဖွဲ့စည်းမှုပုံစံနှင့် ရည်ရွယ်ချက်များ*

*MDG အချက်အလက် အစီရင်ခံစာ* သည် ရွေးချယ်ထားသည့်MDG ညွှန်ကိန်းများ အတွက် IHLCA-IIမှ အချက်အလက်များကို တင်ပြသည်။[၇] ယင်း၏အဓိက ရည်ရွယ်ချက်မှာ ပြည့်သူ့ရေးရာဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် သတင်းပေးသည့်အနေဖြင့် ဤညွှန်ကိန်းများ၏ ပမာဏနှင့် ဖြစ်နိုင်ပါက အလားအလာ များအတွက် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။

*MDG အချက်အလက် အစီရင်ခံစာ*သည် စံချိန်မီ *MDG အစီရင်ခံစာ*တစ်ခုမှ အနည်းဆုံး နည်းသုံးမျိုးအရ ကွဲပြား ခြားနားကြောင်း အလေးထားရပေမည်။ ပထမဦးစွာ ယင်းသည် IHLCA-II စစ်တမ်း အချက် အလက်များကို အထူးသီးသန့် အမှီပြုထားပြီး အခြားဇာစ်မြစ်များမှ အချက်အလက်များကို ထည့်သွင်းရန် ကြိုးပမ်းမထားပါ။ ဒုတိယအနေဖြင့် IHLCA-II အချက်အလက်များကို အခြေခံ တွက်ချက်ရယူနိုင်သည့် MDG များကိုသာ လွှမ်းခြုံထားပါသည်။ သို့ဖြစ်၍ ညွှန်ကိန်း တချို့ကို ဖယ်ထုတ်ထားသည်။ တတိယ အနေဖြင့် MDG များကို အတိအကျ အကောင်အထည်ဖော်ရာတွင် ကန့်သတ် ချက်များအား စိစစ်မှုတစ်ခုကို တင်ပြမထားသကဲ့သို့ မူဝါဒရွေးစရာများ တင်ပြမထားပါ။ (သို့သော်လည်း ဤကိစ္စရပ်များမှ တချို့ကိုပြုစုရန် စီစဉ်ထားသည့် ခေါင်းစဉ်အလိုက် အစီရင်ခံစာများတွင် လေ့လာဖော်ထုတ်ပေမည်။)

၂၀၀၈ ခုနှစ် ဇန္နဝါရီလ ပြင်ဆင်ချက်အတိုင်းဖြစ်သည့် MDG ညွှန်ကိန်း အပြည့်အစုံစာရင်းကို အစီရင်ခံစာ အကျဉ်းချုပ်နှင့် ဤအစီရင်ခံစာ၏ အဆုံးတွင် တင်ပြထားသည်။ အချက်အလက် ရရှိနိုင်မှုအရ ဤညွှန်ကိန်း များအနက် အချို့ကို အနည်းငယ် ပြုပြင်မွမ်းမံထားသည်။ ဥပမာအားဖြင့် ဝယ်လိုအား ညီမျှကိန်းနှင့် ကိုက်ညီထားသော ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအရ တွက်ချက်သည့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်မှုအစား အမျိုးသား အဆင့် ဆင်းရဲနွမ်းပါးမှုဖြစ်ခြင်းကို အသုံးပြုထားသည်။ (အပိုင်း ၁-၁)

အစီရင်ခံစာ၏ အဓိကအပိုင်းတွင် ပြည်ထောင်စုအဆင့် အချက်အလက်များကို ဇယားအသွင်ဖြင့် တင်ပြပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အချက်အလက်များကို မျဉ်းတန်းကွက်ကားချပ်များနှင့် အတူ တင်ပြ ထားသည်။ ပြည်ထောင်စုအဆင့် ခန့်မှန်းခြေများကို ဆီလျော်သည့်နေရာတိုင်းတွင် ဆင်းရဲနွမ်းပါးမှု အဆင့် အတန်း၊ အလွှာများနှင့် ကျား၊မအလိုက် ခွဲခြားဖော်ပြထားသည်။ ဖော်ပြနေကျအတိုင်း အချက်အလက် များကို ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် များအတွက် တင်ပြထားသော်လည်း သတင်းအချက်အလက် တချို့ကို IHLCA-I အောက်တွင် ကောက်ယူမထားသည့် ကိစ္စများတွင် ခြွင်းချက်များရှိသည်။ အထက်ပါ

---

[၆] လူနေမှုဘဝ ပြည့်စုံဖူလုံမှု တိုင်းတာခြင်း၏ ဤဝိရောဓိသဘောကို Kanbur R. and D. Mukherjee, 2007, “Premature Mortality and Poverty Measurement,” Bulletin 7 Economic Research,Vol 59, No. 4. တွင် လေ့လာ ဖော်ထုတ်ထားသည်။
[၇] ယခု အစီရင်ခံစာနှင့် ၂၀၀၅ ခုနှစ် *ထောင်စုနှစ် ဖွံ့ဖြိုးမှုဆိုင်ရာ သတင်း အချက်အလက် အစီရင်ခံစာ* တွင် ပါဝင်သည့် ၂၀၀၈ ခုနှစ် MDG များ စာရင်းကို ဤစာအုပ်တွဲ အဆုံးတွင် တင်ပြထားပါသည်။

အချက်အလက်များကို ထုတ်ယူခဲ့သည့် အချက်အလက်များ၏ ဇယားအပြည့်အစုံကို အခန်း နောက်ဆက်တွဲများတွင် တင်ပြထားသည်။

MDG အချက်အလက် အစီရင်ခံစာတွင် တွဲဖက်စာအုပ်တွဲ နှစ်တွဲရှိသည်။ ပထမစာအုပ်တွဲဖြစ်သည့် ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက် စာအုပ်သည် စားသုံးမှု ဆင်းရဲချို့တဲ့ခြင်းနှင့် ယင်း၏ အဆက်အစပ်များကို အလေးထားလျက် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ စီးပွားရေးနှင့် လူမှုရေး ရှုထောင့်များဆိုင်ရာ ညွှန်ကိန်းအချို့အတွက် အချက်အလက်များကို တင်ပြသည်။ ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်နှင့် MDG အချက်အလက် အစီရင်ခံစာများသည် ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်တွင်လည်း MDG ညွှန်ကိန်းတချို့ ပါဝင်သဖြင့် တစ်စိတ်တစ်ပိုင်းအားဖြင့် ထပ်နေမှု အချို့ရှိသည်။ ဒုတိယ စာအုပ်ဖြစ်သည့် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာသည် IHLCA-II မှ ယခင်စစ်တမ်းနှင့် ထပ်တူယူထားသည့် နမူနာယူနစ်များကို အပြည့်အဝ အသုံးချလျက် အိမ်ထောင်စုတစ်ခုချင်း၏ စားသုံးမှု ဆင်းရဲချို့တဲ့ခြင်းနှင့် အခြားအဓိက ညွှန်ကိန်းများ၏ အနာဂတ် အလားအလာများဆိုင်ရာ အချက်အလက်များကို ပြန်လည်သုံးသပ်သည်။

စီစဉ်ဖွဲ့စည်းမှု ပုံစံအနေဖြင့် MDG အချက်အလက် အစီရင်ခံစာတွင် (၁) ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှု (၂) မူလတန်း ပညာရေး (၃) ကျား၊မတန်းတူ ညီမျှမှု (၄) ကလေးသေဆုံးမှု (၅) သားဖွားမိခင် ကျန်းမာရေး (၆) HIV/AIDS၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများ (၇) သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့နှင့် ပတ်သက်သည့် MDG ပန်းတိုင် ခုနှစ်မျိုးအတွက် အချက်အလက်များကို တင်ပြထားသည်။

# ပန်းတိုင် ၁။ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှု လုံးဝပပျောက်ရန်

***ရည်မှန်းချက် ၁-က။ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း တစ်နေ့လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာအောက် ဝင်ငွေရှိသူ လူဦးရေအချိုးအား ထက်ဝက်လျှော့ချရန်။***

## ၁-၁။ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု

အမျိုးသား အဆင့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်မှုအား အခြေခံ အစားအစာနှင့် အစားအစာမဟုတ်သော အမယ် တစ်စုကို ရရှိရန် မတတ်နိုင်သော လူဦးရေ အချိုးအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။ ခြုံကြည့်လျှင်၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ဆင်းရဲ နွမ်းပါးခြင်း ဖြစ်မှုသည် ၃၂% မှ ၂၆% သို့ ကျဆင်းခဲ့ဟန်ရှိပြီး ပြောင်းလဲ မှုသည် စာရင်းအင်းအရ ထူးခြား ထင်ရှားသည်။ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုသည် မြို့ပြဒေသ ဆင်းရဲနွမ်းပါးမှုထက် ၂၉% နှင့် ၁၆% အသီးသီးဖြင့် အတော်အတန် မြင့်မားဆဲ ဖြစ်ပြီး ဆင်းရဲ နွမ်းပါးမှုသည် မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ၂၇% နှင့် ၁၈% အသီးသီးဖြင့် ပို၍ လျင်မြန်သော နှုန်းအရ ကျဆင်း ခဲ့သည်။ ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု၏ အမြင့်ဆုံး တန်ဖိုးသည် ချင်းပြည်နယ်တွင် ၇၃% ဖြင့် တည်ရှိပြီး ထို့နောက်တွင် ရခိုင် (၄၄%)၊ တနင်္သာရီ(၃၃%)၊ ရှမ်း(၃၃%) နှင့် ဧရာဝတီ(၃၂%) တို့ရှိကြသည်။ အကျဘက် ဦးတည်သော အလားအလာ ကို ပြည်နယ်နှင့်တိုင်းဒေသကြီးအများစုတွင် တွေ့ရသော်လည်း ပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု မရှိပေ။ (နောက်ဆက်တွဲ ဇယား ၉ ကြည့်ပါ)

ဇယား ၁။ အလွှာအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀

| | မြို့ပြ | | | ကျေးလက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
| ပြည်ထောင်စု | ၂၁.၅ (၁.၈၆) | ၁၅.၇ (၁.၀၈) | -၂၇ | ၃၅.၈ (၁.၉၀) | ၂၉.၂ (၁.၅၅) | -၁၈ | ၃၂.၁ (၁.၆၇) | ၂၅.၆ (၁.၃၆) | -၂၀ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၁-၂။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုး

ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုးသည် ဆင်းရဲသူများ၏ ဆင်းရဲနွမ်းပါးမှုပြမျဉ်းမှ ပျမ်းမျှ ကွာလှမ်းချက်ကို ဆင်းရဲနွမ်းပါးခြင်း ဖြစ်မှုနှင့် မြှောက်ယူထားခြင်း ဖြစ်သည်။ ခြုံကြည့်လျှင် ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုးသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၃၅% ဝန်းကျင်ဖြင့် ကျဆင်းခဲ့ဟန်ရှိပြီး ပြောင်းလဲမှုသည် စာရင်းအင်းအရ ထူးခြားထင်ရှားသည်။ ကွာဟချက်အချိုးသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၀.၀၄၇ နှင့် ၀.၀၂၃ အသီးသီးဖြင့် အတော်အတန် မြင့်မားပြီး မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ၄၄% နှင့် ၃၄% အသီးသီးဖြင့် ပို၍ လျင်မြန်သော နှုန်းအရ ကျဆင်းခဲ့သည်။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး အမြင့်ဆုံးသည် ချင်းပြည်နယ် (၀.၁၆၇) တွင် တည်ရှိပြီး ထို့နောက်တွင် ရခိုင် (၀.၀၇၆)၊ တနင်္သာရီ (၀.၀၆၆) နှင့် ရှမ်း (၀.၀၆) တို့ရှိကြသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အများစုတွင် အကျဘက် ဦးတည်သော အလားအလာကို တွေ့ရသော်လည်း ပြောင်းလဲချက် အများအပြားသည် စာရင်းအင်း အရ ထူးခြားထင်ရှားမှု မရှိပေ။ (နောက်ဆက်တွဲ ဇယား ၁၀ ကြည့်ပါ)

ဇယား ၂။ အလွှာအလိုက် ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုး ၂၀၀၅-၂၀၁၀

| | မြို့ပြ | | | ကျေးလက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
| ပြည်ထောင်စု | ၀.၀၄၂ (၀.၀၀၅) | ၀.၀၂၃ (၀.၀၀၂) | -၄၄ | ၀.၀၇၁ (၀.၀၀၄) | ၀.၀၄၇ (၀.၀၀၄) | -၃၄ | ၀.၀၆၄ (၀.၀၀၄) | ၀.၀၄၁ (၀.၀၀၃) | -၃၅ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၂။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုး ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၁-၃။ စုစုပေါင်းစားသုံးမှုတွင် အဆင်းရဲဆုံးအိမ်ထောင်စု ငါးစိတ်တစ်စိတ်၏ ပါဝင်မှုအချိုး

စုစုပေါင်း စားသုံးမှုတွင် အဆင်းရဲဆုံး အိမ်ထောင်စု ငါးစိတ်တစ်စိတ်၏ စားသုံးမှု ဝေစုသည် နိုင်ငံယှဉ် မညီမျှချက်၏ ညွှန်ကိန်းတစ်ခု ဖြစ်သည်။ ဤအတိုင်းအတာသည် လူတိုင်း၏ စားသုံးမှု နှုန်းတူတိုးမည် သို့မဟုတ် လျော့နည်းသရွေ့ မပြောင်းလဲပဲ ရှိနေမည်။ ခြုံကြည့်လျှင် ဤညွှန်ကိန်းသည် ၁၁.၁% မှ ၁၂% သို့ အနည်းငယ် တက်လာသော်လည်း ပြောင်းလဲချက်သည် စာရင်းအင်းအရ ထူးခြားထင်ရှားမှု မရှိပေ။ ပါဝင်မှု အချိုးသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၁၂.၆% နှင် ၁၁.၁% အသီးသီးဖြင့် ပို၍ မြင့်မားသော်လည်း မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ၁၀% နှင့် ၇% အသီးသီးဖြင့် ပို၍ လျင်မြန်သောနှုန်းအရ တိုးခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့ကို ဖြန့်ကြည့်လျှင် ဤ ညွှန်ကိန်းပမာဏတွင် အပြောင်းအလဲ အနည်းငယ်သာ ရှိသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးတွင် အတက်ဘက် ဦးတည်သော အလားအလာကို တွေ့ရသော်လည်း ဤပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြားမှုမရှိပေ။ (နောက်ဆက်တွဲ ဇယား ၁၁ ကြည့်ပါ)

ဇယား ၃။ အလွှာအလိုက် စုစုပေါင်းစားသုံးမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ်၏ ပါဝင်မှုအချိုး ၂၀၀၅-၂၀၁၀

| | မြို့ပြ | | | ကျေးလက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
| ပြည်ထောင်စု | ၁၀.၀ (၁.၄၈) | ၁၁.၁ (၁.၁၂) | ၁၀ | ၁၁.၈ (၀.၉၂) | ၁၂.၆ (၀.၉၂) | ၇ | ၁၁.၁ (၀.၉၀) | ၁၂.၀ (၀.၈၁) | ၈ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၃။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စုစုပေါင်း စားသုံးမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ်၏ ပါဝင်မှု အချိုး ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

### *ရည်မှန်းချက် ၁-ခ။ အမျိုးသမီးများနှင့် ငယ်ရွယ်သူများ အပါအဝင် အားလုံးအတွက် အကျိုးရှိသည့် အလုပ်အကိုင် အပြည့်အဝရရှိမှုနှင့် သင့်တင့်လျောက်ပတ်သောအလုပ်ရရှိစေရန်။*

### ၁-၄။ အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး

အလုပ်အကိုင် ရှိသူနှင့် လူဦးရေ အချိုးသည် နိုင်ငံတစ်နိုင်ငံ၏ အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသည့် လူဦးရေအနက် အလုပ်ရှိသူ အချိုးဖြစ်သည်။ ဤနေရာတွင် အလုပ်အကိုင်ရှိသူသည် အသက် ၁၀နှစ် နှင့် အထက်ရှိပြီး လွန်ခဲ့သည့် ၇ရက် အတွင်း အလုပ်လုပ်သူ သို့မဟုတ် လွန်ခဲ့သည့် ၇ရက် အတွင်း အလုပ်မလုပ်သော်လည်း အမြဲတမ်း အလုပ်ရှိသူကို ရည်ညွှန်းသည်။ အလုပ်အကိုင်ရှိသူတွင် အချိန်ပြည့် အခမဲ့ အိမ်တွင်းမှု အလုပ်လုပ်သူကို ဖယ်ထားသည်။ ခြုံကြည့်လျှင် အလုပ်အကိုင်ရှိသူနှင့် လူဦးရေ အချိုးသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၅၄.၃% မှ၅၇.၁% သို့ တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းအရ ထူးခြားထင်ရှားသည်။ အချိုးသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၅၉.၈% နှင့် ၄၉.၇% အသီးသီးဖြင့် အတော်အတန်မြင့်မားပြီး မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ၇.၂% နှင့် ၄.၄% အသီးသီးဖြင့် အနည်းငယ်ပို၍ လျင်မြန်စွာ တိုးခဲ့သည်။ အချိုးသည် အမျိုးသမီးများတွင် အမျိုးသားများ ထက် ၄၆.၃% နှင့် ၆၉.၀% အသီးသီးဖြင့် များပြားစွာ ပို၍ နိမ့်ကျဆဲ ဖြစ်သော်လည်း အမျိုးသမီးများတွင် တိုးနှုန်းသည် အမျိုးသားများထက် ၇.၃% နှင့် ၃.၆% အသီးသီးဖြင့် နှစ်ဆပို၍ မြင့်မားသည်။ ဤညွှန်ကိန်း၏ အနိမ့်ဆုံးတန်ဖိုးကို ရခိုင်ပြည်နယ် (၄၆.၂%) တွင် တွေ့ရပြီး ထို့နောက်တွင် ရန်ကုန် (၄၇.၉%) ကချင် (၄၉.၁%) နှင့် တနင်္သာရီ (၅၁.၁%) တို့ရှိကြသည်။ အတက်ဘက် ဦးတည်သော အလားအလာကို ပြည်နယ်နှင့်တိုင်းဒေသကြီး အများစုတွင် တွေ့ရသော်လည်း ဤပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြားထင်ရှားမှု မရှိပေ။ (နောက်ဆက်တွဲ ဇယား ၁၂ ကြည့်ပါ)

ဇယား ၄။ အလွှာနှင့် ကျား၊မအလိုက် အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀

| | အလွှာ | | ကျား၊ မ | | စုစုပေါင်း |
|---|---|---|---|---|---|
| | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | |
| ၂၀၁၀ | ၄၉.၇<br>(၀.၇) | ၅၉.၈<br>(၀.၆) | ၆၉.၀<br>(၀.၅) | ၄၆.၃<br>(၀.၇) | ၅၇.၁<br>(၀.၅) |
| ၂၀၀၅ | ၄၆.၃<br>(၀.၇) | ၅၇.၃<br>(၀.၆) | ၆၆.၆<br>(၀.၅) | ၄၃.၁<br>(၀.၈) | ၅၄.၃<br>(၀.၆) |
| ပြောင်းလဲမှု (%) | ၇.၂ | ၄.၄ | ၃.၆ | ၇.၃ | ၅.၁ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၁-၅။ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက်တွင် စားဝတ်နေထိုင်လျက်ရှိသည့် အလုပ်လုပ်သူများအချိုး

အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှုပြ မျဉ်းအောက်တွင် စားဝတ်နေထိုင်လျက်ရှိသည့် အလုပ်လုပ်သူများ သို့မဟုတ် အလုပ် လုပ်လျက် ဆင်းရဲသူများ အချိုးသည် အလုပ်လုပ်နေသူများဖြစ်ပြီး အိမ်ထောင်စု ဝင်များကို ဆင်းရဲသူအဖြစ် အမျိုးအစား ခွဲခြားခံရသည့် အိမ်ထောင်စုတစ်စုတွင် နေထိုင်သူများ၏ ပါဝင်မှုအချိုးဖြစ်သည်။ အောက်တွင် ပြထားသည့် ရလဒ်များသည် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်မှုပြ ဇယား ၁ မှ ရလဒ်များနှင့် ထပ်တူညီ နီးပါးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲသူများ အနက် ကြီးမားကျယ်ပြန့်သော အများစုသည် စီးပွားရေး အရ အလုပ်လုပ်ကြသူများ ဖြစ်သည်။ သို့ဖြစ် ရကား အလုပ်လုပ်လျက် ဆင်းရဲသူသည် ရာခိုင်နှုန်းအားဖြင့် ၃၂.၃% မှ ၂၅.၅% သို့ ကျဆင်းနေပြီး မြို့ပြ အိမ်ထောင်စုများအတွက် ၁၅.၂% နှင့် နှိုင်းယှဉ်လျှင် အချိုးမညီစွာ ကျေးလက်တွင် ၂၈.၆% ရှိနေဆဲဖြစ်သည်။ စိတ်ဝင်စားဖွယ် ကောင်းသည်မှာ ကျဆင်းနှုန်းသည် အမျိုးသမီးများတွင် အမျိုးသားများ ထက် ၂၅.၃% နှင့် ၁၈.၂% အသီးသီးဖြင့် ပို၍ မြင့်မားခြင်း ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုတွင် ဖြစ်သကဲ့သို့ ချင်းပြည်နယ်တွင် အလုပ်လုပ်လျက် ဆင်းရဲသူ အမြင့်မားဆုံး အချိုးရှိပြီး ထို့နောက်တွင် ရခိုင်၊ ရှမ်း၊ တနင်္သာရီနှင့် ဧရာဝတီတို့ ရှိကြသည်။ (နောက်ဆက်တွဲ ဇယား ၁၃ ကြည့်ပါ)

ဇယား ၅။  အလွှာနှင့် ကျား၊မအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက်ရှိ အလုပ်လုပ်သူဦးရေအချိုး ၂၀၀၅-၂၀၁၀

| | အလွှာ | | ကျား၊ မ | | စုစုပေါင်း |
|---|---|---|---|---|---|
| | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | |
| ၂၀၁၀ | ၁၅.၂<br>(၁.၁) | ၂၈.၆<br>(၁.၇) | ၂၅.၉<br>(၁.၄) | ၂၄.၈<br>(၁.၆) | ၂၅.၅<br>(၁.၅) |
| ၂၀၀၅ | ၂၀.၀<br>(၁.၈) | ၃၅.၈<br>(၂.၀) | ၃၁.၇<br>(၁.၈) | ၃၃.၂<br>(၁.၈) | ၃၂.၃<br>(၁.၇) |
| ပြောင်းလဲမှု (%) | -၂၇.၈ | -၁၉.၉ | -၁၈.၂ | -၂၅.၃ | -၂၁.၂ |

ဇာစ်မြစ်။  IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၅။  ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက်ရှိ အလုပ်လုပ်သူ ဦးရေအချိုး ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။  IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၁-၆။ စုစုပေါင်း အလုပ်အကိုင်ရှိသူများအနက် ကိုယ်ပိုင်လုပ်ငန်း ကိုယ်တိုင်လုပ်သူနှင့် မိသားစုမှ ပါဝင်လုပ်ကိုင်သူများအချိုး

ကိုယ်ပိုင်လုပ်ငန်း ကိုယ်တိုင်လုပ်သူများမှာ အဓိကအားဖြင့် ကိုယ်တိုင် အလုပ်လုပ်သူများ ဖြစ်ပြီး ပါဝင်လုပ်ကိုင်သူ (အခမဲ့) အိမ်ထောင်စုမှ လုပ်သားများမှာ အိမ်ထောင်စုဝင်တစ်ဦး ပိုင်ဆိုင်သည့် လုပ်ငန်းများတွင် ကိုယ်တိုင် အလုပ်လုပ်သည့် လုပ်သားများ ဖြစ်သည်။ ဤညွှန်ကိန်းသည် ထိခိုက်လွယ်သော အလုပ်အကိုင် ရှိသူများအတွက် အတိုင်းအတာတစ်ခု ဖြည့်ဆည်းပေးသည်။ ခြုံကြည့်လျှင် ဤညွှန်ကိန်းသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၅၁.၈% မှ ၅၄.၃% သို့ တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းအရ (၅%အဆင့်တွင်) ထူးခြားထင်ရှားမှု ရှိသည်။ စိတ်ဝင်စားဖွယ် ကောင်းသည်မှာ အချိုးသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် မဆင်းရဲသော အိမ်ထောင်စု များထက် ၄၅% နှင့် ၅၇.၅% အသီးသီးဖြင့် ပို၍ နိမ့်ကျပြီး ဆင်းရဲသော အိမ်ထောင်စုများတွင် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၉% ကျဆင်းခဲ့သည်။ သို့ဖြစ်ရကား ဤအချိုးသည် စားသုံးမှု ဆင်းရဲချို့တဲ့ခြင်းအတွက် ကောင်းမွန်သော

ကိုယ်စားပြု အတိုင်းအတာ မဟုတ်ပေ။ အချိုးသည် ကျေးလက်ဒေသများတွင် မြို့ပြဒေသများထက် ၅၇% နှင့် ၄၅.၇% အသီးသီးဖြင့် ပို၍ မြင့်မားပြီး အမျိုးသမီးများအတွက် အမျိုးသားများထက် ၅၇% နှင့် ၅၂.၄% အသီးသီးဖြင့် ပို၍ မြင့်မားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ဖြန့်၍ကြည့်လျှင် အတော်အတန် အပြောင်းအလဲများ ရှိသော်လည်း ပြောင်းလဲချက်အများအပြားသည် စာရင်းအင်းအရ ထူးခြားထင်ရှားမှု မရှိပေ။ ဤညွှန်ကိန်း၏ အမြင့်ဆုံး တန်ဖိုးကို ရှမ်း (၇၄.၂%) တွင် တွေ့ရပြီး၊ ချင်း (၇၁.၅%) နှင့် ကရင် (၆၄.၉%) တို့တွင်လည်း မြင့်မားသည်။ (နောက်ဆက်တွဲ ဇယား ၁၄ ကြည့်ပါ)

ဇယား ၆။ ဆင်းရဲနွမ်းပါးမှု အခြေအနေ၊ အလွှာနှင့်ကျား၊မအလိုက် စုစုပေါင်းအလုပ်အကိုင်ရှိသူများတွင် ကိုယ်ပိုင်အလုပ် ကိုယ်တိုင်လုပ်သူနှင့် မိသားစုမှပါဝင်လုပ်ကိုင်သူအချိုး ၂၀၀၅-၂၀၁၀

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ကျား၊ မ | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | |
| ၂၀၁၀ | ၄၅.၀ (၁.၉) | ၅၇.၅ (၁.၃) | ၄၅.၇ (၂.၃) | ၅၇.၀ (၁.၁) | ၃၂.၄ (၁.၂) | ၅၇.၀ (၁.၃) | ၅၄.၃ (၁.၂) |
| ၂၀၀၅ | ၄၉.၄ (၁.၆) | ၃၂.၉ (၁.၂) | ၄၂.၆ (၁.၈) | ၅၄.၆ (၁.၁) | ၄၇.၁ (၁.၁) | ၅၈.၄ (၁.၁) | ၅၁.၈ (၁.၀) |
| ပြောင်းလဲမှု (%) | -၉.၀ | ၈.၇ | ၇.၁ | ၄.၄ | ၁၁.၁ | -၂.၃ | ၄.၉ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၆။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စုစုပေါင်း အလုပ်အကိုင်ရှိသူများတွင် ကိုယ်ပိုင်အလုပ် ကိုယ်တိုင်လုပ်သူနှင့် မိသားစုမှ ပါဝင်လုပ်ကိုင်သူများအချိုး ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## *ရည်မှန်းချက် ၁-ဂ။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ငတ်မွတ်ခြင်းခံစားရသော လူဦးရေအချိုးအား ထက်ဝက်လျှော့ချရန်။*

### ၁-၇။ ပုံမှန်ကိုယ်အလေးချိန် အသင့်အတင့်မပြည့်သော အသက်ငါးနှစ်အောက် ကလေးများပျံ့နှံ့မှု

ပုံမှန်ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော အသက် ၅နှစ် အောက် ကလေး များ ပျံ့နှံ့မှုကို ရည်ညွှန်းဦးရေ စံသတ်မှတ်ချက် ကိုယ်အလေးချိန်၏ စံတိမ်းချက် နှစ်ဆအောက် ကျရောက် သည့် ဦးရေအချိုးအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။ ဤညွှန်ကိန်းသည် အာဟာရ ချို့တဲ့မှုပြ ရောနှော ညွှန်ကိန်း တစ်ခု ဖြစ်ပြီး ကြီးထွားနှုန်းနှေးခြင်း (အသက် အရွယ် အလိုက် အရပ်အမြင့်) နှင့်ကြုံလှီခြင်း (အသက်အရွယ် အလိုက် ကိုယ်အလေးချိန်) တို့ကို ထည့်သွင်း စဉ်းစားထားသည်။ ခြုံကြည့်လျှင် အသင့် အတင့် အာဟာရ ချို့တဲ့ခြင်း ပျံ့နှံ့မှုသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၃၄.၃% မှ ၃၂% သို့ ကျဆင်းခဲ့သော်လည်း ပြောင်းလဲမှုသည် စာရင်းအင်းအရ ထူးခြားထင်ရှားမှု မရှိပေ။ အာဟာရချို့တဲ့မှုသည် ကျေးလက်ဒေသများ တွင် မြို့ပြဒေသများထက် ၃၃.၇% နှင့် ၂၅.၅% အသီးသီးဖြင့် အတော်အတန် မြင့်မား နေဆဲ ဖြစ်ပြီး မြို့ပြ ဒေသတွင် ကျေးလက်ဒေသထက် ၁၈.၈% နှင့် ၃.၈% အသီးသီးဖြင့် ပို၍ လျင်မြန်သော နှုန်းအရ ကျဆင်း ခဲ့သည်။ ညွှန်ကိန်းသည် ဆင်းရဲသူများတွင် မဆင်းရဲသူများထက် ၃၅.၂% နှင့် ၃၀.၆% အသီးသီးဖြင့် ပို၍ မြင့်မားသော်လည်း ဆင်းရဲသူများ အကြားတွင် မဆင်းရဲသူများထက် ၇.၁% နှင့် ၄.၇% အသီးသီးဖြင့် ပို၍ လျင်မြန်စွာ ကျဆင်းနေသည်။ အသင့်အတင့် အာဟာရ ချို့တဲ့ အမြင့်ဆုံး အဆင့်ကို ရခိုင်ပြည်နယ်တွင် ၅၂.၇% တွေ့ရပြီး ထို့နောက်မှ မကွေး (၃၇%) ဧရာဝတီ (၃၄%) နှင့် ချင်း (၃၃.၄%) ရှိကြသည်။ အသင့် အတင့် အာဟာရ ချို့တဲ့မှု ကျဆင်းနေသော အလားအလာကို ပြည်နယ်နှင့်တိုင်းဒေသကြီး အများစုတွင် တွေ့ရ သော်လည်း ဤပြောင်းလဲချက် အများအပြားမှာ စာရင်းအင်းအရ ထူးခြား ထင်ရှားမှု မရှိပါ။ (နောက်ဆက်တွဲ ဇယား ၁၅ ကြည့်ပါ)

ဇယား ၇။ အလွှာနှင့် ဆင်းရဲနွမ်းပါးမှု အခြေအနေအလိုက် အသင့်အတင့် ပုံမှန်ကိုယ်အလေးချိန် မပြည့်သော အသက်ငါးနှစ်အောက် ကလေးများအချိုး ၂၀၀၅-၂၀၁၀

| | အလွှာ | | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | စုစုပေါင်း |
|---|---|---|---|---|---|
| | မြို့ပြ | ကျေးလက် | ဆင်းရဲသူ | မဆင်းရဲသူ | |
| ၂၀၁၀ | ၂၅.၅<br>(၂.၇) | ၃၃.၇<br>(၁.၃) | ၃၅.၂<br>(၂.၀) | ၃၀.၆<br>(၁.၂) | ၃၂.၀<br>(၁.၂) |
| ၂၀၀၅ | ၃၁.၄<br>(၃.၀) | ၃၅.၀<br>(၁.၄) | ၃၇.၉<br>(၁.၅) | ၃၂.၁<br>(၁.၅) | ၃၄.၃<br>(၁.၃) |
| ပြောင်းလဲမှု (%) | -၁၈.၈ | -၃.၈ | -၇.၁ | -၄.၇ | -၆.၆ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၇။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အသင့်အတင့် ပုံမှန်ကိုယ်အလေးချိန်မပြည့်သော အသက် ငါးနှစ်အောက် ကလေးများအချိုး ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

### ၁-၈။ အစားအစာမှ အာဟာရစွမ်းအင်ရရှိရန် အနိမ့်ဆုံးအဆင့် စားသုံးမှုအောက်ရှိသည့် လူဦးရေအချိုး

အစားအစာမှ အာဟာရ စွမ်းအင် ရရှိရန် အနိမ့်ဆုံးအဆင့် စားသုံးမှုအောက်ရှိသည့် လူဦးရေအချိုး သို့မဟုတ် အာဟာရ ချို့တဲ့ခြင်း ပျံ့နှံ့မှုသည် အစားအစာ စားသုံးမှု ပမာဏအနေဖြင့် အစားအစာမှ အာဟာရ စွမ်းအင် ရရှိရန် အနိမ့်ဆုံးအဆင့် လိုအပ်ချက်အောက် ကျရောက်သည့် လူဦးရေအချိုး (ရာခိုင်နှုန်း) ဖြစ်သည်။ ကိုယ်စားပြု အတိုင်းအတာတစ်ခုမှာ အစားအစာ ဆင်းရဲချို့တဲ့ခြင်းဖြစ်မှု ဖြစ်ပြီး (အစားအစာမှ အာဟာရစွမ်းအင် ရရှိရန် အနိမ့်ဆုံးအဆင့် လိုအပ်ချက်အတွက်) အခြေခံ အစားအစာ အမယ်တစ်စုကို ရရှိရန် မတတ်နိုင်သော လူဦးရေအချိုး (ရာခိုင်နှုန်း) အဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။ ခြုံကြည့်လျှင် အစားအစာ ဆင်းရဲချို့တဲ့ခြင်း ဖြစ်ပွားမှုသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၁၀% မှ ၅% သို့ ကျဆင်းခဲ့ဟန်ရှိပြီး ပြောင်းလဲမှုသည် စာရင်းအင်းအရ ထူးခြားထင်ရှားသည်။ ကျေးလက် အစားအစာ ဆင်းရဲချို့တဲ့မှုသည် မြို့ပြ အစားအစာ ဆင်းရဲချို့တဲ့မှုထက် ၆% နှင့် ၂% အသီးသီးဖြင့် အတော်အတန် ပို၍ မြင့်မားနေဆဲဖြစ်ပြီး ဆင်းရဲချို့တဲ့မှုသည် မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ၅၉% နှင့် ၄၈% အသီးသီးဖြင့် ပို၍ လျင်မြန်သောနှုန်းအရ ကျဆင်းခဲ့သည်။ အစားအစာ ဆင်းရဲချို့တဲ့ခြင်း ဖြစ်ပွားမှု၏ အမြင့်ဆုံး တန်ဖိုးသည် ချင်းပြည်နယ်တွင် ၂၅% ဖြင့်တည်ရှိပြီး ထို့နောက်မှ ရခိုင် (၁၀%) တနင်္သာရီ (၉.၆%) နှင့် ရှမ်း (၉%) တို့ရှိကြသည်။ အကျဘက်ဦးတည်သော အလားအလာကို (ချင်းပြည်နယ်မှ အလွန်ကြီးမားသော ကျဆင်းမှု အပါအဝင်) တွေ့ရှိရသော်လည်း ဤပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှုမရှိပါ။ (နောက်ဆက်တွဲ ဇယား ၁၆ ကြည့်ပါ)

ဇယား ၈။ အလွှာအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀

| | မြို့ပြ | | | ကျေးလက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
| ပြည်ထောင်စု | ၆ (၀.၉၃) | ၂ (၀.၃၆) | -၅၉ | ၁၁ (၀.၇၃) | ၆ (၀.၇၀) | -၄၈ | ၁၀ (၀.၆၆) | ၅ (၀.၅၆) | -၅၀ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၈။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမျိုးသားအဆင့် အစားအစာ ချို့တဲ့ခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## *ပန်းတိုင် ၁ နောက်ဆက်တွဲ ဇယားများ*

ဇယား ၉။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | မြို့ပြ | | | ကျေးလက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
| ကချင် | ၃၈<br>(၂.၃၄) | ၂၃<br>(၃.၂၂) | -၃၈ | ၄၇<br>(၈.၈၃) | ၃၁<br>(၂.၅၇) | -၃၅ | ၄၄<br>(၅.၇၀) | ၂၉<br>(၂.၆၂) | -၃၅ |
| ကယား | ၂၆<br>(၇.၄၅) | ၂<br>(၂.၈၂) | -၉၁ | ၃၈<br>(၃.၃၀) | ၁၆<br>(၂.၅၂) | -၅၇ | ၃၄<br>(၁.၆၄) | ၁၁<br>(၀.၃၇) | -၆၆ |
| ကရင် | ၈<br>(၃.၃၆) | ၁၇<br>(၃.၀၈) | ၁၁၅ | ၁၂<br>(၄.၀၉) | ၁၈<br>(၀.၃၉) | ၄၁ | ၁၂<br>(၄.၁၄) | ၁၇<br>(၀.၅၁) | ၄၈ |
| ချင်း | ၄၆<br>(၃.၄၁) | ၅၂<br>(၃.၈၈) | ၁၄ | ၈၁<br>(၁၀.၃၁) | ၈၀<br>(၄.၂၀) | -၁ | ၇၃<br>(၆.၁၀) | ၇၃<br>(၂.၁၈) | ၀ |
| စစ်ကိုင်း | ၂၂<br>(၂.၅၇) | ၁၆<br>(၂.၅၁) | -၂၇ | ၂၇<br>(၄.၅၈) | ၁၅<br>(၁.၄၃) | -၄၆ | ၂၇<br>(၃.၈၈) | ၁၅<br>(၁.၄၉) | -၄၃ |
| တနင်္သာရီ | ၂၁<br>(၁၅.၆၇) | ၁၇<br>(၁၂.၅၃) | -၂၀ | ၃၇<br>(၅.၈၅) | ၃၇<br>(၇.၉၆) | ၁ | ၃၄<br>(၇.၅၈) | ၃၃<br>(၉.၄၃) | -၃ |
| ပဲခူး | ၃၁<br>(၅.၄၀) | ၁၉<br>(၂.၅၄) | -၃၈ | ၃၂<br>(၄.၉၉) | ၁၈<br>(၂.၁၃) | -၄၃ | ၃၂<br>(၄.၉၅) | ၁၈<br>(၂.၀၀) | -၄၂ |
| - ပဲခူး (ရှေ့) | ၃၅<br>(၆.၉၇) | ၂၁<br>(၂.၃၉) | -၄၀ | ၃၀<br>(၆.၇၃) | ၂၀<br>(၄.၀၃) | -၃၃ | ၃၁<br>(၇.၀၀) | ၂၀<br>(၃.၅၇) | -၃၄ |
| - ပဲခူး (နောက်) | ၂၃<br>(၂.၃၂) | ၁၆<br>(၆.၈၃) | -၃၂ | ၃၄<br>(၇.၁၃) | ၁၆<br>(၀.၆၂) | -၅၃ | ၃၃<br>(၆.၇၄) | ၁၆<br>(၁.၀၇) | -၅၁ |
| မကွေး | ၂၆<br>(၄.၆၅) | ၁၆<br>(၅.၂၀) | -၃၉ | ၄၄<br>(၇.၄၄) | ၂၈<br>(၃.၈၅) | -၃၆ | ၄၂<br>(၇.၅၈) | ၂၇<br>(၂.၉၈) | -၃၆ |
| မန္တလေး | ၂၄<br>(၃.၂၀) | ၁၄<br>(၂.၀၄) | -၄၁ | ၄၅<br>(၅.၂၇) | ၃၂<br>(၇.၂၅) | -၂၉ | ၃၉<br>(၄.၀၇) | ၂၇<br>(၅.၇၇) | -၃၂ |
| မွန် | ၂၃<br>(၅.၈၄) | ၁၈<br>(၂.၀၅) | -၂၁ | ၂၁<br>(၉.၂၆) | ၁၆<br>(၁.၉၅) | -၂၅ | ၂၂<br>(၇.၇၃) | ၁၆<br>(၁.၅၃) | -၂၄ |
| ရခိုင် | ၂၆<br>(၂.၆၆) | ၂၂<br>(၁.၃၈) | -၁၄ | ၄၁<br>(၂.၆၆) | ၄၉<br>(၄.၃၇) | ၁၉ | ၃၈<br>(၂.၈၈) | ၄၄<br>(၇.၂၄) | ၁၄ |
| ရန်ကုန် | ၁၄<br>(၃.၆၈) | ၁၂<br>(၁.၉၉) | -၁၇ | ၁၇<br>(၁၇.၃၉) | ၂၉<br>(၂.၉၃) | ၆၅ | ၁၅<br>(၆.၁၉) | ၁၆<br>(၁.၆၈) | ၇ |
| ရှမ်း | ၃၁<br>(၉.၂၇) | ၁၄<br>(၇.၅၆) | -၅၅ | ၅၀<br>(၄.၆၆) | ၃၉<br>(၄.၉၆) | -၂၂ | ၄၆<br>(၆.၇၅) | ၃၃<br>(၇.၂၂) | -၂၈ |
| - ရှမ်း (တောင်) | ၂၆<br>(၁၄.၈၁) | ၈<br>(၁၁.၂၈) | -၆၈ | ၄၄<br>(၁၀.၇၉) | ၃၁<br>(၁၀.၄၄) | -၃၀ | ၄၀<br>(၁၄.၃၂) | ၂၅<br>(၁၄.၇၇) | -၃၇ |
| - ရှမ်း (မြောက်) | ၃၅<br>(၁၂.၀၁) | ၁၆<br>(၆.၀၇) | -၅၃ | ၅၅<br>(၄.၉၃) | ၄၃<br>(၈.၀၉) | -၂၂ | ၅၁<br>(၆.၈၆) | ၃၇<br>(၈.၇၂) | -၂၆ |
| - ရှမ်း (ရှေ့) | ၃၇<br>(၇.၄၁) | ၂၉<br>(၅.၈၁) | -၂၃ | ၅၆<br>(၁၁.၀၃) | ၅၂<br>(၄.၀၆) | -၇ | ၅၂<br>(၉.၂၃) | ၄၆<br>(၃.၇၇) | -၁၀ |
| ဧရာဝတီ | ၂၄<br>(၆.၁၄) | ၂၃<br>(၃.၁၆) | -၅ | ၃၀<br>(၂.၄၉) | ၃၄<br>(၂.၈၇) | ၁၂ | ၂၉<br>(၁.၉၁) | ၃၂<br>(၂.၉၄) | ၁၀ |
| ပြည်ထောင်စု | ၂၂<br>**(၁.၈၆)** | ၁၆<br>**(၁.၀၈)** | -၂၇ | ၃၆<br>**(၁.၉၀)** | ၂၉<br>**(၁.၅၅)** | -၁၈ | ၃၂<br>**(၁.၆၇)** | ၂၆<br>**(၁.၃၆)** | -၂၀ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၁၀။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | မြို့ပြ | | | ကျေးလက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
| ကချင် | ၀.၀၇၀<br>(၀.၀၁၈) | ၀.၀၃၇<br>(၀.၀၀၇) | -၄၇ | ၀.၁၀၈<br>(၀.၀၂၆) | ၀.၀၄၅<br>(၀.၀၀၆) | -၅၈ | ၀.၀၉၈<br>(၀.၀၁၇) | ၀.၀၄၃<br>(၀.၀၀၄) | -၅၆ |
| ကယား | ၀.၀၄၄<br>(၀.၀၂) | ၀.၀၀၂<br>(၀.၀၀) | -၉၇ | ၀.၀၈၅<br>(၀.၀၁) | ၀.၀၁၉<br>(၀.၀၁) | -၇၇ | ၀.၀၇၀<br>(၀.၀၀) | ၀.၀၁၃<br>(၀.၀၀) | -၈၁ |
| ကရင် | ၀.၀၀၇<br>(၀.၀၀၃) | ၀.၀၂၀<br>(၀.၀၀၉) | ၁၇၈ | ၀.၀၁၈<br>(၀.၀၀၅) | ၀.၀၁၈<br>(၀.၀၀၅) | ၁ | ၀.၀၁၆<br>(၀.၀၀၆) | ၀.၀၁၈<br>(၀.၀၀၃) | ၁၂ |
| ချင်း | ၀.၀၆၄<br>(၀.၀၁) | ၀.၀၇၆<br>(၀.၀၀) | ၁၈ | ၀.၂၇၃<br>(၀.၀၇) | ၀.၁၉၆<br>(၀.၀၃) | -၂၈ | ၀.၂၂၇<br>(၀.၀၃) | ၀.၁၆၇<br>(၀.၀၁) | -၂၆ |
| စစ်ကိုင်း | ၀.၀၃၅<br>(၀.၀၀၆) | ၀.၀၂၄<br>(၀.၀၀၅) | -၃၂ | ၀.၀၅၂<br>(၀.၀၁၃) | ၀.၀၁၇<br>(၀.၀၀၃) | -၆၇ | ၀.၀၅၀<br>(၀.၀၁၀) | ၀.၀၁၈<br>(၀.၀၀၃) | -၆၃ |
| တနင်္သာရီ | ၀.၀၅၅<br>(၀.၀၅) | ၀.၀၂၉<br>(၀.၀၃) | -၄၈ | ၀.၀၈၀<br>(၀.၀၁) | ၀.၀၇၇<br>(၀.၀၂) | -၃ | ၀.၀၇၄<br>(၀.၀၂) | ၀.၀၆၆<br>(၀.၀၂) | -၁၂ |
| ပဲခူး | ၀.၀၆၁<br>(၀.၀၁၅) | ၀.၀၃၂<br>(၀.၀၀၅) | -၄၇ | ၀.၀၅၁<br>(၀.၀၀၉) | ၀.၀၂၃<br>(၀.၀၀၄) | -၅၅ | ၀.၀၅၂<br>(၀.၀၁၀) | ၀.၀၂၄<br>(၀.၀၀၄) | -၅၄ |
| - ပဲခူး (ရှေ့) | ၀.၀၇၂<br>(၀.၀၂) | ၀.၀၄၀<br>(၀.၀၀) | -၄၄ | ၀.၀၄၇<br>(၀.၀၁) | ၀.၀၂၈<br>(၀.၀၁) | -၄၁ | ၀.၀၅၁<br>(၀.၀၁) | ၀.၀၃၀<br>(၀.၀၁) | -၄၂ |
| - ပဲခူး (နောက်) | ၀.၀၄၀<br>(၀.၀၀၄) | ၀.၀၁၈<br>(၀.၀၀၈) | -၅၄ | ၀.၀၅၆<br>(၀.၀၁၄) | ၀.၀၁၇<br>(၀.၀၀၁) | -၆၉ | ၀.၀၅၄<br>(၀.၀၁၃) | ၀.၀၁၇<br>(၀.၀၀၁) | -၆၈ |
| မကွေး | ၀.၀၅၁<br>(၀.၀၁) | ၀.၀၂၂<br>(၀.၀၁) | -၅၇ | ၀.၀၈၈<br>(၀.၀၁) | ၀.၀၄၀<br>(၀.၀၁) | -၅၄ | ၀.၀၈၅<br>(၀.၀၁) | ၀.၀၃၉<br>(၀.၀၁) | -၅၄ |
| မန္တလေး | ၀.၀၄၅<br>(၀.၀၀၇) | ၀.၀၂၁<br>(၀.၀၀၄) | -၅၄ | ၀.၀၈၆<br>(၀.၀၁၁) | ၀.၀၅၅<br>(၀.၀၁၇) | -၃၆ | ၀.၀၇၅<br>(၀.၀၀၈) | ၀.၀၄၅<br>(၀.၀၁၃) | -၃၉ |
| မွန် | ၀.၀၄၇<br>(၀.၀၂) | ၀.၀၂၄<br>(၀.၀၁) | -၄၈ | ၀.၀၃၄<br>(၀.၀၂) | ၀.၀၂၅<br>(၀.၀၀) | -၂၈ | ၀.၀၃၇<br>(၀.၀၂) | ၀.၀၂၅<br>(၀.၀၀) | -၃၂ |
| ရခိုင် | ၀.၀၄၅<br>(၀.၀၀၆) | ၀.၀၃၂<br>(၀.၀၀၂) | -၂၈ | ၀.၀၈၀<br>(၀.၀၀၈) | ၀.၀၈၇<br>(၀.၀၁၄) | ၉ | ၀.၀၇၃<br>(၀.၀၀၉) | ၀.၀၇၆<br>(၀.၀၁၉) | ၄ |
| ရန်ကုန် | ၀.၀၂၈<br>(၀.၀၁) | ၀.၀၁၆<br>(၀.၀၀) | -၄၄ | ၀.၀၃၄<br>(၀.၀၃) | ၀.၀၄၃<br>(၀.၀၁) | ၂၅ | ၀.၀၃၀<br>(၀.၀၁) | ၀.၀၂၃<br>(၀.၀၀) | -၂၄ |
| ရှမ်း | ၀.၀၆၂<br>(၀.၀၂၆) | ၀.၀၂၅<br>(၀.၀၁၅) | -၆၀ | ၀.၁၁၇<br>(၀.၀၁၁) | ၀.၀၇၁<br>(၀.၀၁၂) | -၃၉ | ၀.၁၀၅<br>(၀.၀၁၇) | ၀.၀၆၀<br>(၀.၀၁၆) | -၄၃ |
| - ရှမ်း (တောင်) | ၀.၀၄၉<br>(၀.၀၄) | ၀.၀၁၉<br>(၀.၀၃) | -၆၂ | ၀.၀၉၃<br>(၀.၀၂) | ၀.၀၅၇<br>(၀.၀၃) | -၃၉ | ၀.၀၈၃<br>(၀.၀၃) | ၀.၀၄၇<br>(၀.၀၃) | -၄၄ |
| - ရှမ်း (မြောက်) | ၀.၀၇၉<br>(၀.၀၃၆) | ၀.၀၂၈<br>(၀.၀၁၀) | -၆၅ | ၀.၁၃၆<br>(၀.၀၁၅) | ၀.၀၈၁<br>(၀.၀၁၇) | -၄၁ | ၀.၁၂၄<br>(၀.၀၂၀) | ၀.၀၇၀<br>(၀.၀၁၇) | -၄၄ |
| - ရှမ်း (ရှေ့) | ၀.၀၅၉<br>(၀.၀၁) | ၀.၀၄၀<br>(၀.၀၁) | -၃၃ | ၀.၁၃၃<br>(၀.၀၅) | ၀.၀၈၄<br>(၀.၀၁) | -၃၇ | ၀.၁၁၇<br>(၀.၀၄) | ၀.၀၇၃<br>(၀.၀၁) | -၃၇ |
| ဧရာဝတီ | ၀.၀၅၃<br>(၀.၀၁၇) | ၀.၀၃၇<br>(၀.၀၀၄) | -၃၁ | ၀.၀၆၀<br>(၀.၀၀၆) | ၀.၀၅၆<br>(၀.၀၀၈) | -၈ | ၀.၀၅၉<br>(၀.၀၀၅) | ၀.၀၅၃<br>(၀.၀၀၇) | -၁၁ |
| **ပြည်ထောင်စု** | **၀.၀၄၂**<br>(၀.၀၀၅) | **၀.၀၂၃**<br>(၀.၀၀၂) | -၄၄ | **၀.၀၇၁**<br>(၀.၀၀၄) | **၀.၀၄၇**<br>(၀.၀၀၄) | -၃၄ | **၀.၀၆၄**<br>(၀.၀၀၄) | **၀.၀၄၁**<br>(၀.၀၀၃) | -၃၅ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၁၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စုစုပေါင်းစားသုံးမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် ပါဝင်မှုအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | မြို့ပြ | | | ကျေးလက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ | ၂၀၀၅ | ၂၀၁၀ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
| ကချင် | ၁၀.၄<br>(၃.၃၃) | ၁၁.၆<br>(၁.၅၃) | ၁၂ | ၁၁.၂<br>(၃.၅၈) | ၁၂.၄<br>(၁.၀၃) | ၁၁ | ၁၀.၉<br>(၂.၄၆) | ၁၂.၂<br>(၀.၈၈) | ၁၂ |
| ကယား | ၁၃.၂<br>(၃.၆၃) | ၁၄.၄<br>(၄.၃၃) | ၉ | ၁၁.၃<br>(၀.၂၇) | ၁၂.၄<br>(၂.၁၈) | ၉ | ၁၂.၀<br>(၂.၄၂) | ၁၂.၈<br>(၀.၄၇) | ၇ |
| ကရင် | ၁၁.၂<br>(၆.၈၁) | ၁၁.၇<br>(၀.၆၁) | ၅ | ၁၂.၈<br>(၃.၈၂) | ၁၃.၁<br>(၀.၅၇) | ၂ | ၁၂.၇<br>(၄.၅၉) | ၁၂.၉<br>(၀.၈၄) | ၁ |
| ချင်း | ၁၄.၀<br>(၂.၃၂) | ၁၃.၃<br>(၂.၅၇) | -၅ | ၈.၈<br>(၄.၃၀) | ၁၃.၉<br>(၄.၀၆) | ၅၈ | ၉.၂<br>(၃.၃၀) | ၁၃.၆<br>(၂.၇၁) | ၄၈ |
| စစ်ကိုင်း | ၁၁.၆<br>(၂.၃၂) | ၁၁.၃<br>(၂.၀၇) | -၃ | ၁၂.၀<br>(၂.၆၀) | ၁၃.၅<br>(၁.၄၆) | ၁၃ | ၁၁.၉<br>(၂.၃၀) | ၁၃.၁<br>(၁.၂၅) | ၁၀ |
ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသည့် အသက် ၁နှစ် အရွယ် ကလေးများ အချိုးသည် ရောဂါ ကာကွယ်ဆေး ထိုးခြင်း၊ တိုက်ခြင်း၏ လွှမ်းခြုံမှုအတွက် ညွှန်ကိန်းတစ်ခုဖြစ်သည်။ ခြုံကြည့်လျှင် ၂၀၀၅ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ် အတွင်း လွှမ်းခြုံမှုသည် ၈၀.၃% မှ ၈၂.၃% သို့တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု မရှိပေ။ ဤအချိုးသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၇၅.၅% နှင့် ၈၅.၆% အသီးသီးဖြင့် အတော်အတန် ပို၍ နိမ့်ကျလျက်ရှိပြီး ဆင်းရဲသူများအတွက် ၂၀၀၅ခုနှစ်တွင် ရှိခဲ့သည့် ၇၈.၄% အဆင့်မှ ကျဆင်းခဲ့သည်။ (သို့သော် ဤပြောင်းလဲမှုသည် စာရင်းအင်းအရ ထူးခြားထင်ရှားမှု မရှိပေ။) အတိုင်းအတာသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၇၉.၆% နှင့် ၉၁.၅% အသီးသီးဖြင့် ပို၍ နိမ့်ကျခဲ့ပြီး မြို့ပြအိမ်ထောင်စုများ အတွက် တိုးခဲ့သော်လည်း ကျေးလက်အိမ်ထောင်စုများအတွက် ကျဆင်းခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ဖြန့်၍ ကြည့်လျှင် ပမာဏနှင့် အလားအလာများသည် အတော်အတန် အပြောင်းအလဲများ ရှိနေသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အနိမ့်ဆုံး တန်ဖိုးကို ချင်း (၅၈.၅%) တွင် တွေ့ရပြီး ပဲခူး (၆၄.၆%) ကချင် (၆၅%) နှင့် ရခိုင် (၆၈.၂%) တို့တွင်လည်း နိမ့်ကျသည်။ (နောက်ဆက်တွဲ ဇယား ၂၈ ကြည့်ပါ)

ဇယား ၂၇။ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် အသက်တစ်နှစ်အရွယ် ကလေးများအချိုး ၂၀၀၅-၂၀၁၀

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၇၅.၅<br>(၃.၄) | ၈၅.၆<br>(၁.၈) | ၉၁.၅<br>(၂.၆) | ၇၉.၆<br>(၂.၃) | ၈၂.၃<br>(၂.၀) |
| ၂၀၀၅ | ၇၈.၄<br>(၂.၄) | ၈၁.၄<br>(၁.၈) | ၇၉.၇<br>(၂.၁) | ၈၀.၄<br>(၁.၉) | ၈၀.၃<br>(၁.၇) |
| ပြောင်းလဲမှု (%) | -၃.၇ | ၅.၂ | ၁၄.၈ | -၁.၁ | ၂.၄ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၁၅။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် အသက်တစ်နှစ်အရွယ် ကလေးများအချိုး ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## *ပန်းတိုင် ၄ နောက်ဆက်တွဲ ဇယားများ*

ဇယား ၂၈။ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် အသက် တစ်နှစ် အရွယ် ကလေးများအချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | ၂၀၁၀ | | | | | ၂၀၀၅ | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း | စုစုပေါင်း | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | | | |
| ကချင် | ၆၆.၄ (၁၃.၁) | ၆၄.၀ (၁၀.၄) | ၇၀.၄ (၂၁.၁) | ၆၅.၀ (၁၁.၁) | ၆၅.၀ (၁၁.၀) | ၇၉.၈ (၉.၀) | -၁၈.၅ |
| ကယား | ၆၅.၇ (၂၆.၄) | ၁၀၀.၀ (၀.၀) | ၁၀၀.၀ (၀.၀) | ၉၃.၁ (၆.၂) | ၉၃.၆ (၆.၂) | ၈၉.၆ (၁၄.၉) | ၄.၅ |
| ကရင် | ၁၀၀.၀ (၀.၀) | ၈၂.၀ (၉.၆) | ၉၅.၇ (၄.၁) | ၈၆.၂ (၅.၁) | ၈၇.၀ (၄.၈) | ၇၆.၆ (၁၅.၄) | ၁၃.၅ |
| ချင်း | ၅၇.၃ (၁၄.၂) | ၆၀.၃ (၂၉.၅) | ၁၉.၇ (၂၅.၈) | ၈၃.၈ (၇.၃) | ၅၈.၅ (၂၀.၂) | ၆၂.၉ (၁၄.၀) | -၇.၀ |
| စစ်ကိုင်း | ၈၉.၅ (၄.၃) | ၈၆.၅ (၇.၆) | ၈၃.၆ (၉.၁) | ၈၇.၆ (၆.၃) | ၈၇.၁ (၅.၇) | ၇၈.၈ (၁.၈) | ၁၀.၅ |
| တနင်္သာရီ | ၉၄.၉ (၃.၃) | ၈၉.၇ (၃.၉) | ၇၉.၀ (၁၀.၈) | ၉၅.၀ (၀.၆) | ၉၂.၀ (၁.၈) | ၇၅.၂ (၄.၈) | ၂၂.၄ |
| ပဲခူး | ၅၆.၇ (၂၂.၄) | ၆၇.၄ (၉.၉) | ၉၆.၂ (၄.၃) | ၆၁.၆ (၁၂.၀) | ၆၄.၆ (၁၁.၁) | ၈၀.၉ (၅.၆) | -၂၀.၁ |
| - ပဲခူး (ရှေ့) | ၆၄.၀ (၃၀.၅) | ၇၈.၇ (၉.၄) | ၁၀၀.၀ (၀.၀) | ၇၂.၂ (၁၄.၇) | ၇၄.၅ (၁၃.၉) | ၈၇.၄ (၆.၅) | -၁၄.၇ |
| - ပဲခူး (နောက်) | ၃၉.၁ (၄၇.၆) | ၅၁.၂ (၁၉.၁) | ၉၁.၃ (၉.၁) | ၄၄.၂ (၂၀.၀) | ၄၈.၈ (၁၉.၂) | ၆၉.၀ (၄.၄) | -၂၉.၃ |
| မကွေး | ၈၃.၈ (၁၁.၁) | ၇၉.၆ (၅.၇) | ၁၀၀.၀ (၀.၀) | ၇၉.၄ (၇.၅) | ၈၁.၂ (၆.၇) | ၈၇.၅ (၂.၆) | -၇.၂ |
| မန္တလေး | ၇၇.၉ (၇.၉) | ၉၁.၄ (၄.၀) | ၈၉.၆ (၅.၀) | ၈၄.၉ (၇.၆) | ၈၆.၅ (၆.၁) | ၈၉.၆ (၃.၁) | -၃.၄ |
| မွန် | ၆၅.၇ (၄.၆) | ၉၇.၈ (၂.၂) | ၁၀၀.၀ (၀.၀) | ၉၁.၇ (၅.၀) | ၉၂.၈ (၄.၉) | ၇၉.၅ (၁.၄) | ၁၆.၇ |
| ရခိုင် | ၆၁.၁ (၉.၅) | ၇၈.၁ (၆.၄) | ၇၆.၃ (၁၃.၄) | ၆၇.၃ (၈.၆) | ၆၈.၂ (၆.၇) | ၆၆.၈ (၈.၂) | ၂.၁ |
| ရန်ကုန် | ၇၄.၀ (၇.၉) | ၉၆.၃ (၁.၆) | ၉၇.၆ (၂.၄) | ၇၂.၂ (၄.၈) | ၉၁.၈ (၃.၀) | ၈၀.၀ (၄.၇) | ၁၄.၈ |
| ရှမ်း | ၅၀.၅ (၉.၆) | ၇၈.၉ (၆.၂) | ၉၀.၁ (၈.၉) | ၆၅.၅ (၇.၃) | ၇၀.၀ (၈.၅) | ၈၂.၀ (၁၀.၄) | -၁၄.၆ |
| - ရှမ်း (တောင်) | ၃၃.၆ (၁.၂) | ၇၅.၃ (၁၀.၆) | ၈၅.၉ (၂၃.၀) | ၅၃.၈ (၂.၈) | ၆၀.၃ (၁၄.၁) | ၉၆.၁ (၅.၄) | -၃၇.၂ |
| - ရှမ်း (မြောက်) | ၆၉.၁ (၁၈.၇) | ၈၂.၀ (၁၀.၅) | ၉၄.၁ (၅.၉) | ၇၅.၇ (၁၄.၇) | ၇၉.၄ (၁၂.၀) | ၅၉.၉ (၆.၁) | ၃၂.၆ |
| - ရှမ်း (ရှေ့) | ၆၉.၀ (၃.၈) | ၇၈.၇ (၅.၃) | ၁၀၀.၀ (၀.၀) | ၇၂.၃ (၃.၇) | ၇၃.၆ (၄.၈) | ၈၄.၆ (၇.၀) | -၁၃.၀ |
| ဧရာဝတီ | ၈၇.၇ (၅.၃) | ၉၁.၂ (၁.၉) | ၉၄.၁ (၄.၄) | ၈၉.၁ (၁.၈) | ၈၉.၉ (၁.၇) | ၇၈.၄ (၅.၁) | ၁၄.၇ |
| ပြည်ထောင်စု | ၇၅.၅ (၃.၄) | ၈၅.၆ (၁.၈) | ၉၁.၅ (၂.၆) | ၇၉.၆ (၂.၃) | ၈၂.၃ (၂.၀) | ၈၀.၃ (၁.၇) | ၂.၄ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

# ပန်းတိုင် ၅။ သားဖွားမိခင် ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန်

## *ရည်မှန်းချက် ၅-က။ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း သားဖွားမိခင် သေဆုံးမှုနှုန်းကို လေးပုံသုံးပုံလျှော့ချရန်။*

### ၅-၁။ ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှုအချိုး

အသက် ၁၅-၄၉နှစ် အရွယ်ရှိပြီး အရှင်မွေး ကလေးတစ်ဦးရှိလျက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း (ဆရာဝန်များ၊ သူနာပြုများ သို့မဟုတ် သားဖွားဆရာမများ) များက စောင့်ရှောက်မွေးဖွားပေးခဲ့သော အမျိုးသမီး ဦးရေသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများ အတွက် ကျန်းမာရေးစနစ်က ပြည့်စုံလုံလောက်သည့် စောင့်ရှောက်မှု ပေးနိုင်ခြင်း၏ အတိုင်းအတာတစ်ခု ဖြစ်သည်။ ညွှန်ကိန်းကို တူညီသော ကာလအတွင်း အရှင်မွေးကလေးတစ်ဦးရှိသည့်အသက် ၁၅-၄၉နှစ် အရွယ် အမျိုးသမီးများ၏ အချိုးအဖြစ် ဖော်ပြသည်။ ခြုံကြည့်လျှင် ညွှန်ကိန်းသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၇၂.၅% မှ ၇၇.၉% သို့ တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု ရှိသည်။ ညွှန်ကိန်းပမာဏ သည် ဆင်းရဲသူများ အတွက် မဆင်းရဲသူများထက် ၆၉.၃% နှင့် ၈၁.၄% အသီးသီးဖြင့် အတော်အတန် ပို၍ နိမ့်ကျလျက် ရှိသော်လည်း ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း တိုးနှုန်းသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၇.၂% နှင့် ၅.၉% အသီးသီးဖြင့် အနည်းငယ် ပို၍ မြင့်မားသည်။ အတိုင်းအတာသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၇၄.၂% နှင့် ၉၂.၆% အသီးသီးဖြင့် အတော်အတန် ပို၍ နိမ့်ကျလျက် ရှိသော်လည်း မြို့ပြဒေသထက် ၉.၃% နှင့် ၄.၅% အသီးသီးဖြင့် လျင်မြန်စွာ တိုးခဲ့သည်။ ညွှန်ကိန်း၏ အနိမ့်ဆုံး တန်ဖိုးကို ရခိုင် (၅၅.၂%) တွင် တွေ့ရပြီး ချင်း (၆၁.၃%) တွင်လည်း နိမ့်ကျလျက်ရှိသည်။ အတက်ဘက် ဦးတည်သော အလားအလာကို ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးနီးပါးတွင် တွေ့ရသော်လည်း ဤပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု မရှိပေ။ (နောက်ဆက်တွဲ ဇယား ၃၃ ကြည့်ပါ)

ဇယား ၂၉။ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှုအချိုး ၂၀၀၅-၂၀၁၀

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၆၉.၃<br>(၂.၈) | ၈၁.၄<br>(၁.၅) | ၉၂.၆<br>(၁.၆) | ၇၄.၂<br>(၁.၇) | ၇၇.၉<br>(၁.၅) |
| ၂၀၀၅ | ၆၄.၆<br>(၂.၀) | ၇၆.၉<br>(၁.၈) | ၈၈.၆<br>(၁.၇) | ၆၇.၉<br>(၁.၈) | ၇၂.၅<br>(၁.၇) |
| ပြောင်းလဲမှု (%) | ၇.၂ | ၅.၉ | ၄.၅ | ၉.၃ | ၇.၆ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၁၆။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့်စောင့်ရှောက် မွေးဖွားမှုအချိုး ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

***ရည်မှန်းချက် ၅-ခ။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာအနှံ့ မျိုးဆက်ပွားကျန်းမာရေးကို လက်လှမ်းမီစေရန်။***

**၅-၂။ သန္ဓေတားနည်း သုံးစွဲမှုပျံ့နှံ့နှုန်း**

သန္ဓေတားနည်းသုံးစွဲမှုပျံ့နှံ့နှုန်းသည် အသက် ၁၅ နှစ် မှ ၄၉ နှစ် အထိရှိပြီး အိမ်ထောင်ပြုပြီးသူ သို့မဟုတ် အမျိုးသားနှင့် အတူနေသူအမျိုးသမီးများ အနက်လောလောဆယ် အစဉ်အလာ သို့မဟုတ် ခေတ်မီ သန္ဓေတားနည်းများ သုံးစွဲလျက်ရှိသူ ရာခိုင်နှုန်းဖြစ်သည်။ ညွှန်ကိန်းသည် မိသားစု အရွယ် (သားဆက်ခြားခြင်း) စီမံချက်၏ ကျယ်ပြန့်မှု နှင့် အမျိုးသမီးများ၏ မျိုးဆက်ပွားရေး ဆုံးဖြတ်ချက်များကို ထိန်းချုပ်မှုအတွက် အတိုင်း အတာတစ်ခု ဖြစ်သည်။ အချက်အလက်များကို ၂၀၁၀ပြည့်နှစ် IHLCA-II မှသာ ရရှိနိုင်ခဲ့သည်။ ခြုံကြည့်လျှင် သန္ဓေ တားနည်း သုံးစွဲမှု ပျံ့နှံ့နှုန်းသည် ၃၉.၅% ဝန်းကျင်တွင် ရှိသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့် မဆင်းရဲသည့် အိမ်ထောင်စုများမှ အမျိုးသမီးများအကြား ၃၂% နှင့် ၄၁.၉% အသီးသီးဖြင့် အတော်အတန် ကွဲပြား ခြားနားချက်များ ရှိသကဲ့သို့ ကျေးလက်နှင့် မြို့ပြဒေသများမှ အမျိုးသမီးများအကြား ၃၇.၂% နှင့် ၄၆.၅% အသီးသီးဖြင့် အတော် အတန် ကွဲပြား ခြားနားမှုများ ရှိနေသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများဖြန့်၍ ကြည့်လျှင် အတော်အတန် အပြောင်း အလဲများ ရှိသော်လည်း ပြောင်းလဲချက် အချို့သည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှုမရှိပေ။ အနိမ့်ဆုံး ပမာဏကို ကြီးမားသောကွာခြားချက်ဖြင့် ချင်းပြည်နယ်တွင် ၃% ၌ တွေ့ရှိရသည်။ (နောက်ဆက်တွဲ ဇယား ၁၄ ကြည့်ပါ)

ဇယား ၃၀။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် သန္ဓေတားနည်း ပျံ့နှံ့မှုနှုန်း ၂၀၁၀

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၃၂.၀<br>(၁.၅၇) | ၄၁.၉<br>(၁.၂၈) | ၄၆.၅<br>(၂.၄၇) | ၃၇.၂<br>(၁.၃၃) | ၃၉.၅<br>(၁.၂၀) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၁၇။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် သန္ဓေတားနည်း အသုံးပြုမှု ပျံ့နှံ့နှုန်း ၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၅-၃။ ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (အနည်းဆုံးတစ်ခါ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြသမှု)

ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (အနည်းဆုံးတစ်ခါ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြသမှု) သည် သတ်မှတ် ကာလအတွင်း အရှင်မွေးကလေးတစ်ဦး ရှိသည့် အသက် ၁၅-၄၉နှစ် အရွယ် အမျိုးသမီးများအနက် ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများ (ဆရာဝန်များ၊ သူနာပြုများ သို့မဟုတ် သားဖွားဆရာမများ) များက ပေးအပ်သည့် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်မှုကို အနည်းဆုံး တစ်ခါရရှိခဲ့သော အမျိုးသမီး ရာခိုင်နှုန်း ဖြစ်သည်။ ညွှန်ကိန်းသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် သူတို့၏ နို့စို့ကလေးငယ်များ အတွက် အလွန်အရေးပါသော ကြားဝင် ဆောင်ရွက်ပေးမှုကို ကိုယ်ဝန်ဆောင်ချိန် ကာလအတွင်း ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် ကျန်းမာရေးစနစ်က ဆောင်ရွက်ပေးနိုင်စွမ်း၏ အတိုင်း အတာတစ်ခု ဖြစ်သည်။ ခြုံကြည့်လျှင် ညွှန်ကိန်းသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၈၂.၅% မှ ၈၃.၃% သို့ အနည်းငယ်တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းအရ ထူးခြားထင်ရှားမှု မရှိပေ။ ညွှန်ကိန်းပမာဏသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၇၇.၂% နှင့် ၈၅.၇% အသီးသီးဖြင့် အတော်အတန်ပို၍ နိမ့်ကျသော် လည်း ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း မဆင်းရဲသော အိမ်ထောင်စုများအတွက် ၀.၈%

ကျဆင်းမှုနှင့် နှိုင်းယှဉ်လျှင် ဆင်းရဲသော အိမ်ထောင်စုများသည် ၂.၃% တိုးမှုကို တွေ့ကြုံကြသည်။ အတိုင်းအတာသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၈၀.၈% နှင့် ၉၃.၃% အသီးသီးဖြင့် အတော်အတန်ပို၍ နိမ့်ကျသော်လည်း ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၁.၆% နှင့် ၀.၄% အသီးသီးဖြင့်ပို၍ လျင်မြန်စွာ တိုးခဲ့သည်။ အနိမ့်ဆုံး တန်ဖိုးကို ချင်း (၆၀.၁%) တွင် တွေ့ရပြီး ရခိုင် (၆၇%) တွင်လည်း နိမ့်ကျသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများ ဖြန့်၍ ကြည့်လျှင် ပမာဏနှင့် အလားအလာများတွင် အတော်အတန် အပြောင်းအလဲများ ရှိနေသော်လည်း ပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု မရှိပေ။ (နောက်ဆက်တွဲ ဇယား ၃၅ ကြည့်ပါ)

ဇယား ၃၁။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (ကျန်းမာရေးဝန်ထမ်းများနှင့် အနည်းဆုံးတစ်ခါ တွေ့ဆုံပြသခြင်း) ၂၀၀၅-၂၀၁၀

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၇၇.၂ (၂.၂) | ၈၅.၇ (၁.၀) | ၉၃.၃ (၁.၄) | ၈၀.၈ (၁.၄) | ၈၃.၃ (၁.၂) |
| ၂၀၀၅ | ၇၅.၅ (၂.၁) | ၈၆.၄ (၁.၃) | ၉၂.၉ (၁.၂) | ၇၉.၅ (၁.၄) | ၈၂.၅ (၁.၄) |
| ပြောင်းလဲမှု (%) | ၂.၃ | -၀.၈ | ၀.၄ | ၁.၆ | ၁.၀ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၁၈။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (ကျန်းမာရေးဝန်ထမ်းများဖြင့် အနည်းဆုံးတစ်ခါ တွေ့ဆုံပြသခြင်း) ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၅-၄။ မိသားစုအရွယ် စီမံချက်ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု

မိသားစုအရွယ်စီမံချက် ကိုလိုအပ်သည့် အတိုင်း မဖြည့်ဆည်းနိုင်မှုကို မျိုးပွားနိုင်ပြီး လိင်ဆက်ဆံမှု ပြုနိုင်သော်လည်း မည်သည့် သန္ဓေတားနည်းကိုမျှ အသုံးပြုမနေပဲ နောက်ထပ်ကလေး မလိုချင် သို့မဟုတ်

နောက်ကလေးယူရန် ဆိုင်းထားလိုသည်ဟု ပြောဆိုသော အိမ်ထောင်ပြုပြီး အမျိုးသမီးများအားဖြင့် အဓိပ္ပာယ် ဖွင့်ဆိုသည်။ အစဉ်အလာ သန္ဓေ တားနည်းများကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ထည့်သွင်းထားကြောင်း သတိမူရပေမည်။ ညွှန်ကိန်းသည် အမျိုးသမီးများ၏ မျိုးပွားရန် ရည်ရွယ်ချက်များနှင့် သူတို့၏ သန္ဓေတားနည်း သုံးစွဲခြင်း အပြုအမူများ အကြား ကွာဟချက်ကို တိုင်းတာသည်။ အချက်အလက်များကို ၂၀၁၀ပြည့်နှစ် IHLCA-II မှသာ ရရှိနိုင်သည်။ ခြုံကြည့်လျှင် အိမ်ထောင်ပြုပြီးသူ အမျိုးသမီးများ၏ ၂၄% ဝန်းကျင်သည် မိသားစုအရွယ် စီမံချက်ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်ကြောင်း ဖော်ပြသည်။ ဆင်းရဲသည့် အိမ်ထောင်စုနှင့် မဆင်းရဲသည့် အိမ်ထောင်စုမှ အိမ်ထောင်ပြုပြီး အမျိုးသမီးများအကြား ၂၈.၃% နှင့် ၂၂.၉% အသီးသီးဖြင့် ပို၍ ကြီးမားသော ကွာခြားချက် တည်ရှိနေသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများဖြန့်၍ ကြည့်လျှင် အတော်အတန် အပြောင်း အလဲများ ရှိသော်လည်း ပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု မရှိပေ။ အမြင့်မားဆုံး တန်ဖိုးကို မကွေး (၃၇.၅%) တွင်တွေ့ရပြီး ချင်း (၃၂.၈%) တွင်လည်း မြင့်မားသည်။ (နောက်ဆက်တွဲ ဇယား ၃၆ ကြည့်ပါ)

ဇယား ၃၂။ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် မိသားစုအရွယ်စီမံချက်ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု ၂၀၁၀

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၂၈.၃<br>(၁.၆၁) | ၂၂.၉<br>(၁.၂၀) | ၁၄.၈<br>(၁.၅၂) | ၂၇.၃<br>(၁.၃၁) | ၂၄.၂<br>(၁.၂၀) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၁၉။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မိသားစုအရွယ်စီမံချက်ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု ၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ပန်းတိုင် ၅ နောက်ဆက်တွဲ ဇယားများ

ဇယား ၃၃။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | ၂၀၁၀ | | | | | ၂၀၀၅ | % |
|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း | ၂၀၀၅ စုစုပေါင်း | ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | | | |
| ကချင် | ၇၆.၀ (၂.၈) | ၈၃.၄ (၄.၄) | ၉၂.၇ (၇.၁) | ၇၉.၁ (၄.၇) | ၈၁.၂ (၂.၇) | ၆၆.၆ (၅.၃) | ၂၂.၀ |
| ကယား | ၁၀၀.၀ (၀.၀) | ၈၇.၆ (၀.၈) | ၈၆.၇ (၁၉.၆) | ၈၉.၈ (၃.၁) | ၈၉.၃ (၀.၅) | ၈၀.၈ (၆.၆) | ၁၀.၆ |
| ကရင် | ၉၄.၀ (၅.၉) | ၈၀.၉ (၁.၄) | ၉၇.၂ (၂.၂) | ၈၁.၈ (၂.၈) | ၈၃.၆ (၂.၅) | ၅၈.၈ (၁၀.၀) | ၄၂.၁ |
| ချင်း | ၅၇.၃ (၉.၇) | ၇၀.၅ (၁၀.၇) | ၉၈.၃ (၂.၄) | ၄၉.၇ (၇.၈) | ၆၁.၃ (၉.၀) | ၄၅.၂ (၉.၁) | ၃၅.၈ |
| စစ်ကိုင်း | ၈၁.၂ (၇.၀) | ၇၃.၃ (၇.၁) | ၉၀.၅ (၃.၃) | ၇၂.၅ (၆.၂) | ၇၄.၆ (၅.၈) | ၆၇.၁ (၇.၃) | ၁၁.၃ |
| တနင်္သာရီ | ၇၂.၅ (၁၀.၂) | ၈၄.၈ (၄.၅) | ၈၈.၃ (၉.၇) | ၇၉.၀ (၆.၃) | ၈၁.၂ (၆.၇) | ၇၉.၇ (၄.၃) | ၁.၈ |
| ပဲခူး | ၆၀.၆ (၁၄.၆) | ၇၉.၆ (၃.၀) | ၈၇.၅ (၈.၀) | ၇၃.၉ (၆.၇) | ၇၅.၅ (၅.၈) | ၆၉.၉ (၃.၆) | ၈.၀ |
| - ပဲခူး (ရှေ့) | ၇၃.၉ (၅.၂) | ၈၁.၃ (၂.၉) | ၈၆.၀ (၁၃.၅) | ၇၈.၆ (၅.၄) | ၇၉.၆ (၂.၇) | ၇၆.၂ (၃.၈) | ၄.၄ |
| - ပဲခူး (နောက်) | ၄၂.၅ (၁၂.၇) | ၇၆.၉ (၆.၉) | ၉၁.၃ (၅.၅) | ၆၆.၇ (၁၃.၄) | ၆၈.၈ (၁၃.၈) | ၆၀.၆ (၀.၁) | ၁၃.၆ |
| မကွေး | ၇၄.၂ (၅.၄) | ၈၁.၉ (၃.၉) | ၈၇.၀ (၉.၂) | ၇၈.၉ (၃.၉) | ၇၉.၄ (၄.၁) | ၇၆.၃ (၁.၅) | ၄.၁ |
| မန္တလေး | ၇၅.၁ (၂.၂) | ၈၇.၆ (၂.၀) | ၈၈.၉ (၄.၆) | ၈၁.၈ (၃.၁) | ၈၃.၆ (၁.၈) | ၈၃.၉ (၂.၂) | -၀.၃ |
| မွန် | ၉၆.၈ (၄.၁) | ၉၅.၇ (၀.၉) | ၁၀၀.၀ (၀.၀) | ၉၅.၀ (၁.၆) | ၉၅.၉ (၀.၉) | ၉၁.၂ (၁.၁) | ၅.၁ |
| ရခိုင် | ၄၅.၀ (၁၃.၆) | ၆၄.၄ (၁၁.၉) | ၇၈.၁ (၁၁.၉) | ၅၂.၈ (၁၁.၀) | ၅၅.၂ (၁၀.၃) | ၄၈.၅ (၄.၃) | ၁၃.၉ |
| ရန်ကုန် | ၇၆.၆ (၈.၈) | ၉၅.၃ (၂.၆) | ၉၆.၆ (၂.၄) | ၈၀.၄ (၃.၉) | ၉၁.၇ (၃.၈) | ၈၇.၅ (၂.၁) | ၄.၇ |
| ရှမ်း | ၈၃.၉ (၃.၁) | ၈၃.၂ (၅.၁) | ၉၉.၀ (၀.၉) | ၇၉.၂ (၃.၉) | ၈၃.၄ (၃.၇) | ၇၈.၅ (၄.၄) | ၆.၃ |
| - ရှမ်း (တောင်) | ၇၈.၄ (၂.၉) | ၈၉.၂ (၃.၇) | ၁၀၀.၀ (၀.၀) | ၈၂.၄ (၃.၂) | ၈၆.၅ (၄.၆) | ၈၆.၈ (၃.၆) | -၀.၄ |
| - ရှမ်း (မြောက်) | ၈၈.၇ (၃.၀) | ၇၆.၆ (၈.၄) | ၉၇.၉ (၁.၈) | ၇၅.၁ (၆.၈) | ၇၉.၆ (၆.၄) | ၇၃.၉ (၅.၁) | ၇.၈ |
| - ရှမ်း (ရှေ့) | ၈၅.၃ (၃.၅) | ၈၇.၄ (၆.၄) | ၉၉.၁ (၀.၃) | ၈၃.၆ (၄.၉) | ၈၆.၆ (၄.၁) | ၆၃.၉ (၂၀.၃) | ၃၅.၅ |
| ဧရာဝတီ | ၆၃.၇ (၂.၂) | ၇၃.၉ (၃.၀) | ၈၈.၉ (၄.၈) | ၆၈.၀ (၃.၁) | ၇၀.၄ (၂.၃) | ၆၄.၈ (၆.၃) | ၈.၇ |
| ပြည်ထောင်စု | ၆၉.၃ (၂.၈) | ၈၁.၄ (၁.၅) | ၉၂.၆ (၁.၆) | ၇၄.၂ (၁.၇) | ၇၇.၉ (၁.၅) | ၇၂.၅ (၁.၇) | ၇.၆ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၃၄။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် သန္ဓေတားနည်းသုံးစွဲမှု ပျံ့နှံ့နှုန်း ၂၀၁၀ (နောက်ဆက်တွဲ ဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | ၂၀၁၀ | | | | |
|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ကချင် | ၂၀.၅<br>(၀.၆၀) | ၂၂.၅<br>(၃.၃၃) | ၁၉.၅<br>(၅.၄၇) | ၂၂.၆<br>(၃.၁၆) | ၂၁.၉<br>(၂.၃၈) |
| ကယား | ၂၇.၂<br>(၁၂.၂၂) | ၄၄.၄<br>(၈.၉၅) | ၄၂.၉<br>(၉.၃၉) | ၄၂.၈<br>(၉.၀၇) | ၄၂.၈<br>(၉.၁၅) |
| ကရင် | ၁၉.၄<br>(၃.၀၆) | ၃၃.၀<br>(၆.၃၆) | ၂၉.၇<br>(၇.၇၉) | ၃၀.၇<br>(၅.၇၄) | ၃၀.၆<br>(၅.၇၉) |
| ချင်း | ၀.၈<br>(၀.၇၇) | ၈.၁<br>(၇.၇၄) | ၁၀.၅<br>(၄.၄၁) | ၀.၇<br>(၀.၈၂) | ၃.၀<br>(၂.၆၇) |
| စစ်ကိုင်း | ၃၉.၇<br>(၃.၄၈) | ၄၂.၂<br>(၃.၄၇) | ၅၀.၀<br>(၂.၇၆) | ၄၀.၇<br>(၂.၇၅) | ၄၁.၉<br>(၂.၈၈) |
| တနင်္သာရီ | ၁၄.၀<br>(၄.၇၀) | ၃၃.၅<br>(၁.၉၁) | ၃၈.၅<br>(၃.၅၈) | ၂၄.၁<br>(၃.၆၃) | ၂၆.၉<br>(၃.၂၁) |
| ပဲခူး | ၃၈.၆<br>(၂.၈၇) | ၄၂.၇<br>(၃.၇၀) | ၄၆.၇<br>(၄.၅၆) | ၄၁.၃<br>(၃.၂၉) | ၄၂.၀<br>(၃.၃၁) |
| - ပဲခူး (ရှေ့) | ၃၉.၈<br>(၄.၅၃) | ၄၈.၃<br>(၅.၅၈) | ၅၃.၄<br>(၀.၉၀) | ၄၅.၄<br>(၅.၇၆) | ၄၆.၇<br>(၅.၁၂) |
| - ပဲခူး (နောက်) | ၃၇.၂<br>(၅.၁၄) | ၃၇.၁<br>(၃.၉၂) | ၃၃.၆<br>(၀.၉၉) | ၃၇.၄<br>(၄.၁၀) | ၃၇.၁<br>(၃.၇၆) |
| မကွေး | ၃၀.၆<br>(၅.၉၉) | ၃၁.၇<br>(၅.၂၆) | ၃၈.၀<br>(၄.၇၁) | ၃၀.၇<br>(၅.၀၄) | ၃၁.၄<br>(၅.၁၀) |
| မန္တလေး | ၃၃.၀<br>(၂.၅၈) | ၄၁.၄<br>(၃.၁၅) | ၄၇.၉<br>(၄.၁၃) | ၃၆.၁<br>(၂.၁၅) | ၃၉.၄<br>(၂.၂၈) |
| မွန် | ၄၂.၇<br>(၄.၄၆) | ၄၈.၈<br>(၃.၇၀) | ၅၃.၀<br>(၉.၅၇) | ၄၆.၈<br>(၂.၃၆) | ၄၇.၉<br>(၃.၇၄) |
| ရခိုင် | ၂၂.၃<br>(၁.၄၉) | ၃၇.၉<br>(၄.၁၄) | ၄၂.၄<br>(၁.၆၇) | ၂၈.၀<br>(၃.၂၇) | ၃၁.၂<br>(၃.၇၃) |
| ရန်ကုန် | ၃၅.၀<br>(၆.၃၉) | ၅၁.၇<br>(၄.၀၁) | ၄၈.၃<br>(၅.၉၁) | ၅၀.၆<br>(၀.၈၆) | ၄၈.၉<br>(၄.၃၂) |
| ရှမ်း | ၂၃.၃<br>(၂.၂၄) | ၂၇.၅<br>(၄.၂၂) | ၃၇.၅<br>(၂.၀၇) | ၂၃.၄<br>(၃.၄၁) | ၂၆.၂<br>(၃.၃၆) |
| - ရှမ်း (တောင်) | ၂၀.၉<br>(၃.၄၅) | ၂၃.၄<br>(၁၂.၁၅) | ၃၅.၀<br>(၅.၄၂) | ၁၉.၆<br>(၉.၇၉) | ၂၂.၉<br>(၁၀.၆၃) |
| - ရှမ်း (မြောက်) | ၂၆.၆<br>(၂.၅၇) | ၂၉.၈<br>(၃.၃၅) | ၃၉.၆<br>(၂.၉၃) | ၂၆.၂<br>(၃.၉၂) | ၂၈.၇<br>(၂.၇၉) |
| - ရှမ်း (ရှေ့) | ၁၈.၄<br>(၁၀.၇၃) | ၃၅.၇<br>(၉.၇၂) | ၃၉.၀<br>(၄.၇၃) | ၂၅.၁<br>(၁၁.၇၅) | ၂၈.၁<br>(၁၀.၇၄) |
| ဧရာဝတီ | ၄၅.၈<br>(၄.၅၇) | ၅၂.၃<br>(၃.၆၂) | ၅၉.၄<br>(၅.၃၆) | ၄၈.၈<br>(၃.၉၀) | ၅၀.၃<br>(၃.၃၄) |
| ပြည်ထောင်စု | ၃၂.၀<br>(၁.၅၇) | ၄၁.၉<br>(၁.၂၈) | ၄၆.၅<br>(၂.၄၇) | ၃၇.၂<br>(၁.၃၃) | ၃၉.၅<br>(၁.၂၀) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၃၅။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု ၂၀၀၅-၂၀၁၀ (နောက်ဆက်တွဲ ဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | ၂၀၁၀ | | | | | ၂၀၀၅ စုစုပေါင်း | % ပြောင်းလဲမှု ၂၀၀၅-၂၀၁၀ |
|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း | | |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | | | |
| ကချင် | ၈၉.၁ (၂.၉) | ၈၆.၇ (၅.၁) | ၉၉.၆ (၀.၂) | ၈၅.၂ (၄.၆) | ၈၇.၄ (၃.၉) | ၈၃.၇ (၂.၄) | ၄.၄ |
| ကယား | ၁၀၀.၀ (၀.၀) | ၉၇.၅ (၃.၀) | ၈၈.၆ (၁၇.၆) | ၁၀၀.၀ (၀.၀) | ၉၇.၈ (၂.၅) | ၉၇.၁ (၂.၈) | ၀.၈ |
| ကရင် | ၉၃.၉ (၇.၂) | ၈၇.၇ (၁.၂) | ၉၃.၄ (၃.၇) | ၈၈.၄ (၂.၇) | ၈၉.၀ (၂.၇) | ၇၂.၁ (၁၁.၉) | ၂၃.၄ |
| ချင်း | ၅၇.၅ (၁၁.၆) | ၆၆.၀ (၉.၂) | ၉၇.၅ (၂.၉) | ၄၈.၃ (၇.၇) | ၆၀.၁ (၉.၇) | ၆၃.၁ (၁၁.၆) | -၄.၈ |
| စစ်ကိုင်း | ၈၇.၅ (၃.၈) | ၈၁.၅ (၂.၈) | ၉၁.၁ (၃.၂) | ၈၁.၃ (၂.၂) | ၈၂.၅ (၂.၂) | ၈၁.၆ (၄.၅) | ၁.၁ |
| တနင်္သာရီ | ၇၀.၁ (၁၃.၄) | ၈၈.၇ (၄.၆) | ၈၄.၄ (၁၀.၅) | ၈၂.၉ (၈.၀) | ၈၃.၂ (၈.၃) | ၈၉.၆ (၂.၈) | -၇.၁ |
| ပဲခူး | ၇၀.၆ (၁၂.၈) | ၈၄.၉ (၃.၀) | ၉၄.၉ (၃.၁) | ၇၉.၉ (၅.၇) | ၈၁.၇ (၅.၁) | ၈၂.၆ (၁.၄) | -၁.၁ |
| - ပဲခူး (ရှေ့) | ၈၄.၄ (၆.၅) | ၈၇.၆ (၄.၀) | ၉၇.၀ (၃.၇) | ၈၅.၂ (၆.၀) | ၈၆.၈ (၄.၄) | ၈၁.၉ (၁.၈) | ၆.၀ |
| - ပဲခူး (နောက်) | ၄၉.၃ (၂၅.၁) | ၈၀.၈ (၄.၃) | ၈၉.၅ (၂.၀) | ၇၂.၀ (၁၀.၀) | ၇၃.၅ (၉.၈) | ၈၃.၆ (၁.၂) | -၁၂.၁ |
| မကွေး | ၈၀.၈ (၅.၁) | ၈၈.၈ (၃.၃) | ၈၆.၁ (၁၁.၅) | ၈၆.၃ (၃.၅) | ၈၆.၃ (၃.၈) | ၈၉.၁ (၀.၉) | -၃.၂ |
| မန္တလေး | ၇၇.၇ (၃.၅) | ၈၈.၆ (၂.၀) | ၉၀.၅ (၃.၀) | ၈၃.၃ (၃.၃) | ၈၅.၁ (၂.၁) | ၈၆.၉ (၁.၅) | -၂.၁ |
| မွန် | ၁၀၀.၀ (၀.၀) | ၉၆.၀ (၁.၇) | ၁၀၀.၀ (၀.၀) | ၉၅.၉ (၂.၃) | ၉၆.၆ (၁.၅) | ၉၁.၅ (၁.၇) | ၅.၅ |
| ရခိုင် | ၆၄.၇ (၆.၆) | ၆၉.၁ (၂.၈) | ၇၅.၁ (၉.၈) | ၆၆.၂ (၄.၃) | ၆၇.၀ (၃.၉) | ၅၉.၀ (၅.၉) | ၁၃.၅ |
| ရန်ကုန် | ၈၁.၂ (၇.၇) | ၉၇.၄ (၁.၈) | ၉၆.၇ (၂.၄) | ၈၈.၄ (၃.၁) | ၉၄.၂ (၃.၁) | ၉၅.၄ (၂.၈) | -၁.၃ |
| ရှမ်း | ၈၀.၉ (၃.၆) | ၈၃.၁ (၄.၈) | ၉၇.၁ (၁.၉) | ၇၈.၆ (၃.၇) | ၈၂.၅ (၄.၁) | ၇၉.၅ (၃.၄) | ၃.၇ |
| - ရှမ်း (တောင်) | ၈၀.၇ (၆.၇) | ၈၁.၂ (၁၂.၂) | ၉၆.၁ (၅.၁) | ၇၆.၆ (၉.၅) | ၈၁.၁ (၁၀.၉) | ၈၆.၄ (၆.၅) | -၆.၁ |
| - ရှမ်း (မြောက်) | ၈၁.၈ (၇.၉) | ၈၄.၉ (၅.၅) | ၉၇.၆ (၁.၈) | ၈၀.၇ (၄.၂) | ၈၄.၁ (၃.၉) | ၇၇.၂ (၁.၅) | ၉.၀ |
| - ရှမ်း (ရှေ့) | ၇၉.၄ (၃.၇) | ၈၂.၈ (၅.၇) | ၉၉.၁ (၀.၃) | ၇၇.၂ (၄.၅) | ၈၁.၄ (၄.၂) | ၆၃.၀ (၁၈.၄) | ၂၉.၁ |
| ဧရာဝတီ | ၇၆.၉ (၃.၄) | ၇၉.၉ (၃.၆) | ၉၁.၅ (၄.၈) | ၇၇.၃ (၃.၂) | ၇၈.၉ (၃.၂) | ၇၉.၆ (၄.၅) | -၀.၉ |
| **ပြည်ထောင်စု** | **၇၇.၂** (၂.၂) | **၈၅.၇** (၁.၀) | **၉၃.၃** (၁.၄) | **၈၀.၈** (၁.၄) | **၈၃.၃** (၁.၂) | **၈၂.၅** (၁.၄) | **၁.၀** |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၃၆။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မိသားစုအရွယ်စိမ်ချက်ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု ၂၀၁၀ (နောက်ဆက်တွဲဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | ၂၀၁၀ | | | | |
|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ကချင် | ၂၆.၉ (၉.၅၃) | ၂၉.၁ (၄.၄၅) | ၂၀.၈ (၂.၆၈) | ၃၀.၆ (၅.၆၇) | ၂၈.၅ (၅.၄၄) |
| ကယား | ၁၆.၆ (၃.၂၄) | ၂၃.၄ (၃.၉၉) | ၂၂.၃ (၆.၇၂) | ၂၃.၁ (၁.၉၃) | ၂၂.၈ (၃.၃၈) |
| ကရင် | ၂၈.၄ (၁၄.၉၆) | ၂၄.၆ (၉.၅၇) | ၁၀.၈ (၅.၃၀) | ၂၇.၆ (၁၃.၀၀) | ၂၅.၂ (၁၀.၅၆) |
| ချင်း | ၃၆.၃ (၀.၆၅) | ၂၄.၆ (၁၁.၉၁) | ၃၁.၂ (၁၆.၉၆) | ၃၃.၃ (၂.၂၄) | ၃၂.၈ (၃.၆၆) |
| စစ်ကိုင်း | ၂၅.၂ (၄.၀၄) | ၂၃.၁ (၁.၉၇) | ၁၅.၂ (၂.၅၅) | ၂၄.၅ (၁.၆၈) | ၂၃.၄ (၁.၇၂) |
| တနင်္သာရီ | ၁၈.၂ (၄.၅၉) | ၁၉.၂ (၂.၈၅) | ၁၅.၇ (၄.၉၇) | ၁၉.၆ (၃.၀၈) | ၁၈.၈ (၃.၃၂) |
| ပဲခူး | ၃၁.၆ (၆.၈၆) | ၂၅.၈ (၃.၈၂) | ၂၁.၇ (၇.၂၉) | ၂၇.၆ (၃.၆၇) | ၂၆.၉ (၃.၈၆) |
| - ပဲခူး (ရှေ့) | ၃၀.၀ (၅.၃၇) | ၁၈.၆ (၂.၉၉) | ၁၂.၅ (၁.၅၅) | ၂၂.၄ (၄.၀၉) | ၂၀.၇ (၃.၁၁) |
| - ပဲခူး (နောက်) | ၃၃.၄ (၁၆.၅၀) | ၃၃.၁ (၄.၉၆) | ၃၉.၉ (၁၃.၂၄) | ၃၂.၅ (၅.၉၇) | ၃၃.၂ (၆.၄၇) |
| မကွေး | ၃၈.၈ (၄.၁၀) | ၃၇.၀ (၃.၇၈) | ၂၉.၃ (၁.၇၂) | ၃၈.၃ (၃.၅၅) | ၃၇.၅ (၃.၃၂) |
| မန္တလေး | ၃၂.၄ (၃.၁၁) | ၂၆.၃ (၁.၇၃) | ၁၉.၈ (၃.၃၉) | ၃၀.၉ (၁.၅၈) | ၂၇.၈ (၁.၉၂) |
| မွန် | ၁၃.၂ (၃.၈၆) | ၁၃.၅ (၃.၉၉) | ၁၀.၁ (၁.၆၈) | ၁၄.၂ (၄.၀၇) | ၁၃.၅ (၃.၆၄) |
| ရခိုင် | ၂၈.၂ (၂.၈၀) | ၂၇.၅ (၅.၃၄) | ၁၆.၈ (၁.၃၇) | ၃၀.၉ (၂.၅၁) | ၂၇.၈ (၃.၂၀) |
| ရန်ကုန် | ၁၆.၁ (၆.၀၁) | ၁၀.၀ (၂.၄၀) | ၈.၀ (၂.၇၉) | ၁၉.၀ (၄.၉၁) | ၁၁.၀ (၂.၉၁) |
| ရှမ်း | ၂၉.၉ (၄.၆၇) | ၂၃.၇ (၂.၃၄) | ၂၁.၇ (၂.၇၃) | ၂၆.၅ (၃.၂၂) | ၂၅.၅ (၂.၉၂) |
| - ရှမ်း (တောင်) | ၄၄.၂ (၆.၀၉) | ၂၃.၉ (၃.၉၈) | ၂၇.၃ (၃.၀၆) | ၂၈.၃ (၇.၃၈) | ၂၈.၁ (၆.၅၅) |
| - ရှမ်း (မြောက်) | ၂၀.၅ (၂.၇၃) | ၂၃.၁ (၅.၄၂) | ၁၆.၃ (၄.၅၉) | ၂၃.၅ (၄.၈၅) | ၂၂.၂ (၄.၅၀) |
| - ရှမ်း (ရှေ့) | ၃၄.၁ (၁၃.၁၆) | ၂၄.၉ (၅.၄၃) | ၂၀.၁ (၆.၁၁) | ၃၁.၄ (၈.၆၈) | ၂၈.၉ (၈.၅၃) |
| ဧရာဝတီ | ၂၇.၅ (၄.၂၆) | ၂၁.၈ (၅.၃၁) | ၁၇.၅ (၃.၉၂) | ၂၄.၆ (၅.၁၈) | ၂၃.၅ (၄.၈၀) |
| **ပြည်ထောင်စု** | **၂၈.၃** (၁.၆၁) | **၂၂.၉** (၁.၂၀) | **၁၄.၈** (၁.၅၂) | **၂၇.၃** (၁.၃၁) | **၂၄.၂** (၁.၂၀) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

# ပန်းတိုင် ၆။ HIV/AIDS ၊ ငှက်ဖျားနှင့်အခြားရောဂါများကို တိုက်ဖျက်နှိမ်နင်းရန်

## *ရည်မှန်းချက် ၆-က။ ၂၀၁၅ ခုနှစ်တွင် HIV/AIDSရောဂါ ကူးစက်ပြန့်ပွားမှုကို ရပ်တန့်စေ၍ ပြန့်ပွားမှု လျော့နည်းကျဆင်းစေရန်။*

### ၆-၁။ HIV/AIDS အကြောင်း ကျယ်ပြန့်မှန်ကန်သော အသိပညာရှိသူ အသက် ၁၅-၂၄နှစ် အရွယ် လူဦးရေအချိုး

ညွှန်ကိန်းကို အသက် ၁၅-၂၄ နှစ် အရွယ် အသက်ငယ်ရွယ်သူများအနက် လိင်ဆက်ဆံခြင်းမှ HIV ကူးစက်မှုကို ကာကွယ် ပေးသည့် အဓိက နည်းနှစ်နည်း (ကွန်ဒုံးများသုံးစွဲခြင်း နှင့် လိင်ဆက်ဆံမှုကို သစ္စာရှိပြီး ရောဂါ မကူးစက်ထားသည့် လက်တွဲဖော် တစ်ဦးတည်းနှင့်သာ ဆက်ဆံရန် ကန့်သတ်ထားခြင်း) ကို မှန်ကန်စွာ သတ်မှတ် ဖော်ထုတ်ပေးပြီး HIV ကူးစက်မှုနှင့် စပ်လျဉ်း၍ ဒေသခံတို့ အများဆုံး ဖြစ်လေ့ရှိသည့် နားလည်မှု လွဲမှားခြင်းနှစ်မျိုးကို ငြင်းပယ်သူ ရာခိုင်နှုန်း အဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။ အချက်အလက်များကို ၂၀၁၀ပြည့်နှစ် IHLCA-II မှသာ ရရှိနိုင်ပါသည်။ ခြုံကြည့်လျှင် ဤညွှန်ကိန်း ပမာဏသည် ၉၂.၁% ဝန်းကျင်ရှိ၍ အတော်အတန် မြင့်မားသည်။ ဆင်းရဲသော နှင့် မဆင်းရဲသော ဖြေကြားသူများ အကြား ၈၉.၂% နှင့် ၉၃.၂% အသီးသီးဖြင့် ကွာခြားချက် အနည်းငယ် ရှိသကဲ့သို့ ကျေးလက်နေသူနှင့် မြို့ပြနေသူများအကြား ၉၁.၂% နှင့် ၉၅.၃% အသီးသီးဖြင့် ကွာခြားချက် အနည်းငယ်ရှိသည်။ အနိမ့်ဆုံး ညွှန်ကိန်းပမာဏကို ကြီးမားသော ကွာခြားချက်ဖြင့် ရခိုင် (၈၀.၂%) တွင် တွေ့ရသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ဖြန့်၍ကြည့်လျှင် အပြောင်းအလဲ အတော်အတန်ရှိသော်လည်း ပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု မရှိပေ။ (နောက်ဆက်တွဲ ဇယား ၄၀ ကြည့်ပါ)

ဇယား ၃၇။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ကျား၊မအလိုက် HIV/AIDS အကြောင်း ကျယ်ပြန့်မှန်ကန်သော အသိပညာရှိသူ အသက် ၁၅-၂၄နှစ် အရွယ် လူဦးရေအချိုး ၂၀၁၀

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ကျား၊ မ | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | |
| ၂၀၁၀ | ၈၉.၂<br>(၁.၈၄) | ၉၃.၂<br>(၀.၉၅) | ၉၅.၃<br>(၀.၇၈) | ၉၁.၂<br>(၁.၀၅) | ၉၂.၈<br>(၁.၁၁) | ၉၁.၆<br>(၀.၈၁) | ၉၂.၁<br>(၀.၈၇) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၂၀။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် HIV/AIDS အကြောင်း ကျယ်ပြန့်မှန်ကန်သော အသိပညာရှိသူ အသက် ၁၅-၂၄ နှစ်အရွယ် လူဦးရေအချိုး ၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၆-၂။ ကျောင်းတက်နေသော မိဘမဲ့သူနှင့် မိဘရှိသူ ကလေးများအချိုး

ဤညွှန်ကိန်းကို မိဘအရင်းများသေဆုံးခဲ့ပြီး လောလောဆယ်ကျောင်းတက်နေသော အသက် ၁၀-၁၄နှစ် အရွယ် ကလေးများနှင့် မိဘနှစ်ဦးစလုံး အသက်ရှင်လျက်ရှိပြီး အနည်းဆုံး မိဘရင်းတစ်ဦးနှင့် လောလော ဆယ် နေထိုင်လျက် ကျောင်းတက်နေသော အသက် ၁၀-၁၄နှစ် အရွယ် ကလေးများ၏ အချိုးအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။ ညွှန်ကိန်းသည် မိဘမဲ့ကလေးများအပေါ် AIDS ရောဂါပြန့်ပွားမှု၏ သက်ရောက်မှု အတွက် တစ်စိတ်တစ်ပိုင်း တိုင်းတာမှု တစ်ခုဖြစ်သည်။ အချက်အလက်များကို ၂၀၁၀ပြည့်နှစ် IHLCA-II မှသာ ရရှိနိုင်သည်။ ခြုံကြည့်လျှင် မိဘမဲ့များ၏ကျောင်းတက်မှု အချိုးသည် မိဘရှိသူများအတွက်အချိုး၏ ၀.၇% ဝန်းကျင်တွင် ရှိသည်။ အချိုးသည် ဆင်းရဲသော ဖြေကြားသူများအတွက် မဆင်းရဲသော ဖြေကြားသူ များထက် ၁% နှင့် ၀.၆% အသီးသီးဖြင့် ပို၍ မြင့်မားပြီး မြို့နေသူများအတွက် ကျေးလက်နေသူများထက် ၁.၃% နှင့် ၀.၅% အသီးသီးဖြင့် ပို၍မြင့်မားသည်။ ကျား၊မ အားဖြင့် ကွဲပြားခြားနားမှု မရှိပေ။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အတော်အတန် အပြောင်းအလဲများ ရှိသော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့် ပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု မရှိပေ။ (နောက်ဆက်တွဲ ဇယား ၄၁ ကြည့်ပါ)

ဇယား ၃၈။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ကျား၊မအလိုက် ကျောင်းတက်နေသော အသက် ၁၀-၁၄နှစ် အရွယ် မိဘမဲ့သူနှင့် မိဘရှိသူများအချိုး ၂၀၁၀

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ကျား၊ မ | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | |
| ၂၀၁၀ | ၁.၀<br>(၀.၂၉) | ၀.၆<br>(၀.၁၂) | ၁.၃<br>(၀.၃၈) | ၀.၅<br>(၀.၁၂) | ၀.၇<br>(၀.၁၈) | ၀.၇<br>(၀.၁၆) | ၀.၇<br>(၀.၁၂) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၂၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျောင်းတက်နေသော အသက် ၁၀-၁၄နှစ် အရွယ် မိဘမဲ့သူနှင့် မိဘရှိသူများအချိုး ၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

***ရည်မှန်းချက် ၆-ဂ။ ၂၀၁၅ ခုနှစ်တွင် ငှက်ဖျားနှင့် အခြား အဓိကကျသော ရောဂါကြီးများ ဖြစ်ပွားမှုကို ရပ်တန့်စေ၍ ရောဂါဖြစ်ပွားမှု လျော့နည်း ကျဆင်းလာစေရန်။***

**၆-၃။ ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်သော အသက် ၅နှစ် အောက် ကလေးများ အချိုး**

ဤညွှန်ကိန်းကို စစ်တမ်းမတိုင်မီညတွင် ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်သော အသက် ၀-၅၉လ အရွယ် ကလေးအရေအတွက်ကို စစ်တမ်းတွင် ပါဝင်သည့် အသက် ၀-၅၉လ အရွယ် စုစုပေါင်း ကလေး အရေအတွက်၏ ရာခိုင်နှုန်းအဖြစ် ဖော်ပြ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။ ညွှန်ကိန်းသည် ထိရောက်သော ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ကြားဝင် ဆောင်ရွက်မှုတစ်ခု၏ လူဦးရေ လွှမ်းခြုံမှုအတွက် အတိုင်းအတာတစ်ခု ဖြစ်သည်။ အချက်အလက်များကို ၂၀၁၀ပြည့်နှစ် IHLCA-II မှသာ ရရှိနိုင်သည်။ ခြုံကြည့်လျှင် ကလေးများ၏ ၁၁.၁% ဝန်းကျင်သာ ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ကြသည်။ အချိုးသည် ဆင်းရဲသော ဖြေကြားသူများအတွက် မဆင်းရဲသော ဖြေကြားသူများထက် ၉.၃% နှင့် ၁၁.၈%အသီးသီးဖြင့် ပို၍ နိမ့်ကျသည်။ ညွှန်ကိန်းသည် မြို့ပြနေသူများတွင်လည်း ကျေးလက် နေသူများထက် ၆.၉% နှင့် ၁၂.၁% အသီးသီးဖြင့် ပို၍ နိမ့်ကျသည်။ ဤတွေ့ရှိချက်က ကျေးလက်ဒေသများတွင် ငှက်ဖျားရောဂါ ထိတွေ့ ဖြစ်ပွားခြင်း၏ ပို၍ ကြီးမားသော အန္တရာယ်ကို အသေအချာ ထင်ဟပ်ပြနေသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ရန် ၁၁.၈% နှင့် ၁၀.၄% အသီးသီးဖြင့် အနည်းငယ် ပို၍ ဖြစ်နိုင်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် အတော်အတန် အပြောင်းအလဲများ ရှိနေသော်လည်း စံများယွင်းချက်များ မြင့်မားနေမှုက အဓိပ္ပာယ်ဖွင့်ဆိုရာတွင် သတိထားရန် နှိုးဆော်နေသည်။ (နောက်ဆက်တွဲ ဇယား ၄၂ ကြည့်ပါ)

ဇယား ၃၉။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာနှင့် ကျား၊မအလိုက် ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်သော အသက် ၅နှစ် အောက် ကလေးများအချိုး ၂၀၁၀

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ကျား၊ မ | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | |
| ၂၀၁၀ | ၉.၃<br>(၁.၄) | ၁၁.၈<br>(၁.၃) | ၆.၉<br>(၁.၃) | ၁၂.၁<br>(၁.၃) | ၁၀.၄<br>(၁.၂) | ၁၁.၈<br>(၁.၂) | ၁၁.၁<br>(၁.၂) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၂၂။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆေးစိမ်ခြင်ထောင်များဖြင့်အိပ်သော အသက် ၅နှစ် အောက် ကလေးများအချိုး ၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ပန်းတိုင် ၆ နောက်ဆက်တွဲ ဇယားများ

ဇယား ၄၀။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာ၊ ကျား၊မနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် HIV/AIDS အကြောင်း ကျယ်ပြန့်မှန်ကန်သော အသိပညာရှိသူ အသက် ၁၅-၂၄နှစ် အရွယ် လူဦးရေအချိုး ၂၀၁၀ (နောက်ဆက်တွဲ ဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | ၂၀၁၀ | | | | | | |
|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ကျား၊ မ | | စုစုပေါင်း |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | |
| ကချင် | ၉၁.၅ (၃.၈၂) | ၉၀.၁ (၃.၈၃) | ၁၀၀.၀ (၀.၀၀) | ၈၇.၅ (၄.၃၃) | ၈၉.၈ (၂.၇၅) | ၉၁.၀ (၃.၂၇) | ၉၀.၆ (၂.၇၈) |
| ကယား | ၁၀၀.၀ (၀.၀၀) | ၉၆.၁ (၀.၉၄) | ၁၀၀.၀ (၀.၀၀) | ၉၂.၇ (၀.၆၈) | ၁၀၀.၀ (၀.၀၀) | ၉၃.၃ (၂.၀၅) | ၉၆.၂ (၀.၉၈) |
| ကရင် | ၁၀၀.၀ (၀.၀၀) | ၉၄.၃ (၂.၇၉) | ၉၆.၈ (၂.၆၇) | ၉၅.၄ (၂.၃၀) | ၉၄.၀ (၂.၃၄) | ၉၆.၆ (၂.၃၆) | ၉၅.၇ (၂.၃၂) |
| ချင်း | ၈၉.၈ (၂.၁၂) | ၈၇.၇ (၄.၂၆) | ၉၁.၁ (၂.၁၆) | ၈၈.၈ (၃.၃၅) | ၈၉.၈ (၃.၃၁) | ၈၈.၉ (၂.၆၁) | ၈၉.၃ (၂.၅၇) |
| စစ်ကိုင်း | ၉၂.၃ (၃.၂၄) | ၉၂.၁ (၂.၉၇) | ၈၉.၄ (၂.၂၃) | ၉၂.၅ (၂.၇၇) | ၉၁.၈ (၄.၁၆) | ၉၂.၄ (၁.၉၇) | ၉၂.၁ (၂.၆၉) |
| တနင်္သာရီ | ၉၄.၀ (၂.၅၉) | ၉၅.၇ (၂.၅၅) | ၁၀၀.၀ (၀.၀၀) | ၉၃.၉ (၃.၂၆) | ၉၅.၄ (၁.၉၃) | ၉၅.၁ (၃.၂၈) | ၉၅.၂ (၂.၇၃) |
| ပဲခူး | ၉၅.၂ (၁.၄၉) | ၉၇.၅ (၁.၃၀) | ၉၈.၂ (၁.၂၅) | ၉၇.၀ (၁.၄၈) | ၉၇.၆ (၁.၄၉) | ၉၆.၈ (၁.၃၂) | ၉၇.၁ (၁.၃၁) |
| - ပဲခူး (ရှေ့) | ၉၆.၀ (၃.၇၀) | ၉၈.၅ (၁.၃၅) | ၁၀၀.၀ (၀.၀၀) | ၉၇.၇ (၁.၈၈) | ၉၉.၁ (၀.၈၄) | ၉၇.၄ (၂.၂၉) | ၉၈.၁ (၁.၇၁) |
| - ပဲခူး (နောက်) | ၉၄.၇ (၁.၄၈) | ၉၆.၇ (၂.၁၄) | ၉၅.၄ (၁.၃၄) | ၉၆.၄ (၂.၂၃) | ၉၆.၅ (၂.၂၇) | ၉၆.၂ (၁.၈၂) | ၉၆.၃ (၁.၉၁) |
| မကွေး | ၉၂.၉ (၂.၂၃) | ၉၃.၆ (၁.၇၆) | ၉၂.၄ (၁.၇၀) | ၉၃.၄ (၁.၁၈) | ၉၆.၉ (၁.၂၉) | ၉၁.၁ (၁.၃၃) | ၉၃.၃ (၁.၀၆) |
| မန္တလေး | ၉၅.၅ (၂.၅၁) | ၉၆.၄ (၁.၂၂) | ၉၇.၆ (၁.၅၃) | ၉၅.၆ (၁.၂၆) | ၉၅.၅ (၁.၇၉) | ၉၆.၆ (၀.၅၉) | ၉၆.၁ (၁.၁၁) |
| မွန် | ၉၀.၀ (၁၀.၂၇) | ၉၀.၃ (၉.၄၃) | ၉၆.၃ (၅.၈၃) | ၈၈.၃ (၉.၆၀) | ၉၁.၆ (၈.၄၇) | ၈၉.၄ (၁၀.၀၃) | ၉၀.၂ (၉.၅၄) |
| ရခိုင် | ၇၀.၅ (၈.၄၆) | ၈၇.၃ (၁.၁၂) | ၉၁.၆ (၀.၆၆) | ၇၄.၇ (၅.၁၀) | ၈၂.၈ (၅.၀၀) | ၇၇.၉ (၅.၂၆) | ၈၀.၂ (၅.၀၂) |
| ရန်ကုန် | ၉၁.၅ (၃.၄၀) | ၉၇.၅ (၀.၉၈) | ၉၇.၉ (၁.၀၄) | ၉၂.၆ (၁.၉၇) | ၉၇.၁ (၁.၇၉) | ၉၅.၉ (၁.၂၄) | ၉၆.၄ (၁.၄၁) |
| ရှမ်း | ၉၆.၇ (၂.၁၅) | ၉၂.၂ (၁.၆၄) | ၉၅.၇ (၁.၅၂) | ၉၃.၂ (၁.၇၉) | ၉၄.၈ (၁.၄၈) | ၉၃.၀ (၁.၇၁) | ၉၃.၉ (၁.၃၉) |
| - ရှမ်း (တောင်) | ၁၀၀.၀ (၀.၀၀) | ၉၃.၂ (၃.၆၅) | ၉၅.၄ (၂.၁၄) | ၉၅.၉ (၁.၅၀) | ၉၅.၆ (၀.၄၉) | ၉၆.၀ (၁.၁၇) | ၉၅.၈ (၀.၅၂) |
| - ရှမ်း (မြောက်) | ၉၂.၂ (၅.၂၇) | ၈၉.၄ (၀.၇၀) | ၉၄.၉ (၂.၄၃) | ၈၈.၈ (၃.၅၃) | ၉၂.၄ (၄.၂၁) | ၈၉.၁ (၃.၁၃) | ၉၀.၄ (၂.၃၄) |
| - ရှမ်း (ရှေ့) | ၉၆.၂ (၂.၆၂) | ၉၆.၂ (၂.၁၂) | ၉၉.၁ (၁.၁၁) | ၉၅.၂ (၂.၁၇) | ၉၇.၂ (၂.၀၆) | ၉၅.၃ (၁.၆၀) | ၉၆.၂ (၁.၇၁) |
| ဧရာဝတီ | ၈၆.၈ (၇.၀၁) | ၈၆.၇ (၃.၆၉) | ၉၁.၃ (၂.၃၄) | ၈၅.၈ (၅.၁၅) | ၈၈.၅ (၄.၁၀) | ၈၅.၂ (၄.၁၆) | ၈၆.၇ (၄.၁၆) |
| ပြည်ထောင်စု | ၈၉.၂ (၁.၈၄) | ၉၃.၂ (၀.၉၅) | ၉၅.၃ (၀.၇၈) | ၉၀.၂ (၁.၀၅) | ၉၂.၈ (၁.၁၁) | ၉၁.၆ (၀.၈၁) | ၉၂.၁ (၀.၈၇) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၄၁။ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာ၊ ကျား၊မနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျောင်းတက်နေသော မိဘမဲ့သူနှင့် မိဘရှိသူ ကလေးများအချိုး ၂၀၁၀ (နောက်ဆက်တွဲ ဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | ၂၀၁၀ | | | | | | |
|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ကျား၊ မ | | စုစုပေါင်း |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | |
| ကချင် | ၀.၀ (၀.၀၀) | ၀.၃ (၀.၃၄) | ၀.၀ (၀.၀၀) | ၀.၃ (၀.၃၃) | ၀.၀ (၀.၀၀) | ၀.၆ (၀.၅၇) | ၀.၃ (၀.၂၅) |
| ကယား | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) |
| ကရင် | ၀.၀ (၀.၀၀) | ၁.၅ (၀.၈၂) | ၉.၂ (၉.၈၇) | ၀.၃ (၀.၃၁) | ၀.၀ (၀.၀၀) | ၂.၅ (၁.၂၉) | ၁.၃ (၀.၇၂) |
| ချင်း | ၀.၈ (၀.၉၁) | ၁.၇ (၂.၁၄) | ၀.၀ (၀.၀၀) | ၁.၃ (၁.၂၅) | ၁.၃ (၁.၆၁) | ၀.၈ (၀.၈၆) | ၁.၁ (၀.၉၂) |
| စစ်ကိုင်း | ၀.၀ (၀.၀၀) | ၀.၈ (၀.၆၁) | ၃.၄ (၂.၁၂) | ၀.၃ (၀.၁၇) | ၀.၉ (၀.၇၁) | ၀.၄ (၀.၃၁) | ၀.၇ (၀.၅၀) |
| တနင်္သာရီ | ၁.၉ (၁.၅၅) | ၀.၀ (၀.၀၀) | ၀.၈ (၁.၀၆) | ၀.၅ (၀.၅၀) | ၀.၇ (၀.၆၉) | ၀.၄ (၀.၄၄) | ၀.၆ (၀.၄၃) |
| ပဲခူး | ၀.၀ (၀.၀၀) | ၀.၇ (၀.၃၂) | ၂.၁ (၀.၆၃) | ၀.၄ (၀.၂၆) | ၀.၆ (၀.၄၁) | ၀.၇ (၀.၄၁) | ၀.၆ (၀.၂၆) |
| - ပဲခူး (ရှေ့) | ၀.၀ (၀.၀၀) | ၁.၁ (၀.၄၇) | ၂.၈ (၀.၁၉) | ၀.၆ (၀.၄၄) | ၀.၉ (၀.၆၆) | ၁.၁ (၀.၄၆) | ၁.၀ (၀.၃၆) |
| - ပဲခူး (နောက်) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) |
| မကွေး | ၁.၇ (၁.၆၃) | ၀.၄ (၀.၄၇) | ၃.၈ (၂.၅၉) | ၀.၄ (၀.၃၆) | ၀.၈ (၀.၆၇) | ၀.၆ (၀.၆၆) | ၀.၇ (၀.၀၃) |
| မန္တလေး | ၁.၂ (၀.၈၉) | ၀.၃ (၀.၂၀) | ၁.၃ (၁.၀၈) | ၀.၂ (၀.၁၆) | ၀.၇ (၀.၅၈) | ၀.၃ (၀.၂၄) | ၀.၅ (၀.၃၂) |
| မွန် | ၃.၄ (၂.၉၆) | ၁.၄ (၀.၃၇) | ၅.၂ (၅.၃၈) | ၀.၈ (၀.၁၃) | ၁.၁ (၀.၄၇) | ၂.၁ (၁.၄၁) | ၁.၆ (၀.၅၀) |
| ရခိုင် | ၁.၀ (၀.၃၀) | ၀.၂ (၀.၂၀) | ၀.၀ (၀.၀၀) | ၀.၆ (၀.၂၁) | ၀.၈ (၀.၂၅) | ၀.၀ (၀.၀၀) | ၀.၅ (၀.၁၄) |
| ရန်ကုန် | ၁.၈ (၁.၈၁) | ၀.၅ (၀.၃၆) | ၀.၄ (၀.၃၁) | ၁.၆ (၁.၆၄) | ၀.၅ (၀.၄၁) | ၁.၀ (၀.၇၁) | ၀.၇ (၀.၅၂) |
| ရှမ်း | ၁.၅ (၁.၃၅) | ၁.၀ (၀.၅၁) | ၂.၂ (၁.၆၂) | ၀.၉ (၀.၆၄) | ၀.၉ (၀.၈၅) | ၁.၄ (၀.၇၃) | ၁.၂ (၀.၆၄) |
| - ရှမ်း (တောင်) | ၀.၀ (၀.၀၀) | ၀.၇ (၀.၆၅) | ၀.၇ (၀.၆၉) | ၀.၅ (၀.၆၉) | ၀.၀ (၀.၀၀) | ၁.၁ (၁.၂၃) | ၀.၅ (၀.၅၆) |
| - ရှမ်း (မြောက်) | ၄.၄ (၂.၈၁) | ၁.၆ (၀.၄၁) | ၄.၄ (၁.၁၃) | ၁.၈ (၁.၅၀) | ၂.၉ (၂.၅၁) | ၂.၁ (၀.၈၉) | ၂.၅ (၁.၂၃) |
| - ရှမ်း (ရှေ့) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) | ၀.၀ (၀.၀၀) |
| ဧရာဝတီ | ၀.၄ (၀.၃၈) | ၀.၆ (၀.၃၂) | ၀.၇ (၀.၂၆) | ၀.၅ (၀.၃၅) | ၀.၈ (၀.၅၉) | ၀.၂ (၀.၀၂) | ၀.၅ (၀.၃၁) |
| **ပြည်ထောင်စု** | **၁.၀** (၀.၂၉) | **၀.၆** (၀.၁၂) | **၁.၃** (၀.၃၈) | **၀.၅** (၀.၁၂) | **၀.၇** (၀.၁၈) | **၀.၇** (၀.၁၆) | **၀.၇** (၀.၁၂) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ဇယား ၄၂။ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ အလွှာ၊ ကျား၊မနှင့် ပြည်နယ်တိုင်း ဒေသကြီးအလိုက် ဆေးစိမ်ခြင်ထောင်များဖြင့်အိပ်သော အသက် ၅နှစ် အောက် ကလေးများအချိုး ၂၀၁၀ (နောက်ဆက်တွဲ ဇယား)

| ပြည်နယ် နှင့် တိုင်းဒေသကြီး | ၂၀၁၀ | | | | | | |
|---|---|---|---|---|---|---|---|
| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ကျား၊ မ | | စုစုပေါင်း |
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | အမျိုးသား | အမျိုးသမီး | |
| ကချင် | ၉.၈<br>(၂.၃) | ၁၁.၅<br>(၅.၉) | ၇.၇<br>(၆.၁) | ၁၁.၅<br>(၄.၇) | ၉.၂<br>(၃.၇) | ၁၃.၃<br>(၅.၃) | ၁၁.၀<br>(၄.၃) |
| ကယား | ၆၄.၉<br>(၃.၃) | ၄၉.၄<br>(၁.၀) | ၀.၀<br>(၀.၀) | ၅၉.၇<br>(၂.၀) | ၅၁.၇<br>(၄.၆) | ၅၃.၀<br>(၆.၉) | ၅၂.၃<br>(၁.၂) |
| ကရင် | ၇.၂<br>(၆.၅) | ၁၆.၀<br>(၅.၆) | ၁၄.၃<br>(၆.၃) | ၁၄.၃<br>(၂.၉) | ၁၅.၀<br>(၂.၅) | ၁၃.၆<br>(၃.၈) | ၁၄.၃<br>(၃.၂) |
| ချင်း | ၃၀.၆<br>(၁၅.၆) | ၃၄.၀<br>(၁၂.၉) | ၇.၇<br>(၈.၄) | ၃၇.၉<br>(၁၄.၈) | ၂၅.၄<br>(၁၄.၉) | ၃၆.၇<br>(၁၄.၄) | ၃၁.၅<br>(၁၄.၉) |
| စစ်ကိုင်း | ၁၃.၆<br>(၅.၃) | ၁၂.၉<br>(၄.၈) | ၁၈.၃<br>(၄.၉) | ၁၂.၄<br>(၄.၈) | ၁၂.၉<br>(၅.၀) | ၁၃.၁<br>(၄.၅) | ၁၃.၀<br>(၄.၇) |
| တနင်္သာရီ | ၁၈.၇<br>(၀.၈) | ၂၃.၂<br>(၁၀.၄) | ၃.၈<br>(၁.၉) | ၂၇.၉<br>(၈.၂) | ၂၀.၇<br>(၈.၀) | ၂၁.၈<br>(၇.၃) | ၂၁.၈<br>(၇.၁) |
| ပဲခူး | ၀.၅<br>(၀.၄) | ၂.၀<br>(၀.၈) | ၃.၅<br>(၂.၀) | ၁.၄<br>(၀.၅) | ၁.၁<br>(၀.၈) | ၂.၁<br>(၀.၇) | ၁.၆<br>(၀.၆) |
| - ပဲခူး (ရှေ့) | ၀.၈<br>(၀.၈) | ၂.၂<br>(၁.၄) | ၄.၈<br>(၂.၅) | ၁.၄<br>(၀.၈) | ၁.၉<br>(၁.၅) | ၁.၈<br>(၀.၉) | ၁.၈<br>(၁.၂) |
| - ပဲခူး (နောက်) | ၀.၀<br>(၀.၀) | ၁.၇<br>(၁.၀) | ၁.၀<br>(၁.၂) | ၁.၃<br>(၀.၉) | ၀.၂<br>(၀.၂) | ၂.၄<br>(၁.၇) | ၁.၃<br>(၀.၈) |
| မကွေး | ၆.၁<br>(၂.၀) | ၈.၈<br>(၂.၂) | ၁၁.၄<br>(၂.၅) | ၇.၆<br>(၁.၉) | ၆.၅<br>(၁.၁) | ၉.၀<br>(၂.၇) | ၇.၈<br>(၁.၈) |
| မန္တလေး | ၀.၈<br>(၀.၅) | ၄.၃<br>(၁.၃) | ၆.၅<br>(၂.၀) | ၂.၀<br>(၀.၇) | ၂.၅<br>(၁.၀) | ၃.၈<br>(၁.၅) | ၃.၂<br>(၁.၁) |
| မွန် | ၃၉.၄<br>(၁၂.၁) | ၃၈.၂<br>(၁၁.၃) | ၄၀.၆<br>(၁၀.၆) | ၃၇.၉<br>(၁၁.၃) | ၃၈.၀<br>(၉.၇) | ၃၈.၆<br>(၁၂.၃) | ၃၈.၄<br>(၁၁.၁) |
| ရခိုင် | ၉.၃<br>(၅.၁) | ၁၀.၇<br>(၄.၉) | ၁၂.၂<br>(၉.၂) | ၉.၇<br>(၄.၀) | ၁၁.၈<br>(၅.၃) | ၈.၂<br>(၃.၁) | ၉.၉<br>(၄.၂) |
| ရန်ကုန် | ၂.၄<br>(၂.၁) | ၃.၈<br>(၁.၉) | ၂.၃<br>(၁.၄) | ၆.၄<br>(၄.၆) | ၃.၈<br>(၂.၃) | ၃.၁<br>(၁.၅) | ၃.၅<br>(၁.၉) |
| ရှမ်း | ၁၄.၂<br>(၃.၄) | ၁၉.၄<br>(၅.၉) | ၁.၃<br>(၀.၉) | ၂၀.၃<br>(၄.၉) | ၁၇.၆<br>(၄.၀) | ၁၈.၁<br>(၅.၁) | ၁၇.၉<br>(၄.၄) |
| - ရှမ်း (တောင်) | ၁၈.၈<br>(၁.၈) | ၁၄.၄<br>(၄.၁) | ၀.၃<br>(၀.၅) | ၁၈.၅<br>(၁.၅) | ၁၄.၇<br>(၄.၁) | ၁၆.၅<br>(၃.၉) | ၁၅.၄<br>(၃.၉) |
| - ရှမ်း (မြောက်) | ၁၃.၄<br>(၃.၁) | ၂၈.၅<br>(၁၂.၈) | ၁.၀<br>(၀.၉) | ၂၈.၇<br>(၁၀.၀) | ၂၅.၄<br>(၆.၄) | ၂၂.၅<br>(၁၀.၉) | ၂၄.၀<br>(၈.၅) |
| - ရှမ်း (ရှေ့) | ၆.၀<br>(၆.၃) | ၈.၅<br>(၅.၃) | ၆.၄<br>(၃.၅) | ၇.၄<br>(၆.၂) | ၆.၄<br>(၄.၃) | ၈.၁<br>(၇.၂) | ၇.၂<br>(၅.၇) |
| ဧရာဝတီ | ၁၂.၃<br>(၄.၃) | ၁၄.၀<br>(၄.၁) | ၉.၉<br>(၃.၄) | ၁၃.၈<br>(၄.၅) | ၁၁.၇<br>(၄.၁) | ၁၄.၉<br>(၄.၁) | ၁၃.၄<br>(၄.၀) |
| **ပြည်ထောင်စု** | ၉.၃<br>(၁.၄) | ၁၁.၈<br>(၁.၃) | ၆.၉<br>(၁.၃) | ၁၂.၁<br>(၁.၃) | ၁၀.၄<br>(၁.၂) | ၁၁.၈<br>(၁.၂) | ၁၁.၁<br>(၁.၂) |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

# ပန်းတိုင် ၇။ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို မုချသေချာစေရန်

***ရည်မှန်းချက် ၇-ဂ။ ၂၀၁၅ ခုနှစ်တွင် ဘေးကင်း(သန့်ရှင်း)သော သောက်ရေနှင့် အခြေခံကျသည့် အညစ်အကြေး သန့်ရှင်းရေး(မိလ္လာ) စနစ်အား အစဉ်လက်လှမ်းမီ မရရှိသော လူဦးရေအချိုးကို ထက်ဝက်လျှော့ချရန်။***

## ၇-၁။ ကောင်းမွန်သော သောက်ရေဇာစ်မြစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး

ဤနေရာတွင် ဤညွှန်ကိန်းကို ပုဂ္ဂလိက ရေဘုံပိုင်ခေါင်း၊ အများသုံး ရေဘုံပိုင်ခေါင်း သို့မဟုတ် မတ်ရပ်ပိုက်၊ အဝီစိတွင်း သို့မဟုတ် တွင်းနက်၊ အကာအကွယ်ရှိသော လက်တူးရေတွင်းနှင့် အကာအကွယ်ရှိသော စမ်း၊ ရေကန်ငယ်နှင့် မိုးရေတို့မှ ၃၀မိနစ် လမ်းလျှောက်ရသည့် အကွာအဝေး သို့မဟုတ် ၁ကီလိုမီတာ နီးပါး အကွာအဝေး အတွင်း နေထိုင်သည့် လူဦးရေ အချိုးအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။ ညွှန်ကိန်းသည် ဘေးကင်း (သန့်ရှင်း)သော သောက်ရေ လက်လှမ်းမီ ရရှိမှု၏ အတိုင်းအတာတစ်ခု ဖြစ်သည်။ ခြုံကြည့်လျှင် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ညွှန်ကိန်းသည် ၆၂.၆% မှ ၆၉.၄% သို့ တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု ရှိသည်။ ညွှန်ကိန်းပမာဏမှာ ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၆၂.၂% နှင့် ၇၁.၉% အသီးသီးဖြင့် အတော်အတန် ပို၍ နိမ့်ကျပြီး ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း တိုးနှုန်းသည် မဆင်းရဲသူများတွင် ဆင်းရဲသူများထက် ၁၂% နှင့် ၄.၇% အသီးသီးဖြင့် ပို၍ မြင့်မားသည်။ အတိုင်းအတာသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၆၅.၂% နှင့် ၈၁.၄% အသီးသီးဖြင့် အတော်အတန် ပို၍ နိမ့်ကျသော်လည်း ကျေးလက်ဒေသတွင် ၁၈% ဖြင့်တိုးခဲ့သည်။ ကောင်းမွန်သော သောက်ရေဇာစ်မြစ်ကို အသုံးပြုခြင်းသည် မြို့ပြဒေသ၌ ပုလင်းသွင်းရေ (သောက်ရေသန့်ဘူး) ကို ၆% မှ ၁၃.၄% သို့ တိုးတက် သုံးစွဲသဖြင့် (ဤနေရာတွင်ပြမထားပါ) ၉.၂% ကျဆင်းခဲ့သည်။ ညွှန်ကိန်း၏ အနိမ့်ဆုံးတန်ဖိုးကို ဧရာဝတီ(၄၄.၆%)တွင် တွေ့ရပြီး ရခိုင်(၄၉.၅%) တွင်လည်း နိမ့်ကျသည်။ အတက်ဘက် ဦးတည်သော အလားအလာကို ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးနီးပါးတွင် တွေ့ရသော်လည်း ပမာဏနှင့် အလားအလာ ပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု မရှိပေ။ (နောက်ဆက်တွဲ ဇယား ၄၆ ကြည့်ပါ)

ဇယား ၄၃။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ကောင်းမွန်သော သောက်ရေဇာစ်မြစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၆၂.၂ (၃.၄) | ၇၁.၉ (၁.၆) | ၈၁.၄ (၂.၃) | ၆၅.၂ (၂.၃) | ၆၉.၄ (၁.၉) |
| ၂၀၀၅ | ၅၉.၄ (၂.၉) | ၆၄.၂ (၂.၂) | ၈၉.၆ (၁.၁) | ၅၅.၃ (၂.၄) | ၆၂.၆ (၂.၃) |
| ပြောင်းလဲမှု (%) | ၄.၇ | ၁၂.၀ | -၉.၂ | ၁၈.၀ | ၁၀.၉ |

ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

ပုံ ၂၃။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကောင်းမွန်သော သောက်ရေ ဇာစ်မြစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀




ဇာစ်မြစ်။ IHLCA စစ်တမ်း ၂၀၀၄-၂၀၀၅၊ IHLCA စစ်တမ်း ၂၀၀၉-၂၀၁၀

## ၇-၂။ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေး(မိလ္လာ)စနစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး

ညွှန်ကိန်းကို လူတို့၏ ကျင်ကြီးကျင်ငယ် အညစ်အကြေးအား သန့်ရှင်းစင်ကြယ်၍ ရောဂါမဖြစ်စေပဲ လူတို့ထိတွေ့မှုမှ သီးသန့်ရှိနေစေသည့် အဆောက်အအုံနှင့် ပစ္စည်းတို့ကို လက်လှမ်းမီသည့် လူဦးရေ ရာခိုင်နှုန်းအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေး(မိလ္လာ)စနစ်တွင် မိလ္လာစနစ် သို့မဟုတ် မိလ္လာကန်နှင့် ဆက်ထားသော ရေဆွဲအိမ်သာ၊ ရေစလုတ်ပါ ရေလောင်းနှင့် ရေဆွဲအိမ်သာ၊ ခြေတင်ခုံအဖုံးပါ တွင်းဖုံးအိမ်သာနှင့် ခြေတင်ခုံအဖုံးမပါ တွင်းလွဲ၊ တွင်းဖုံးအိမ်သာတို့ ပါဝင်သည်။ ခြုံကြည့်လျှင် ညွှန်ကိန်းသည် ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း ၆၇.၃% မှ၇၉% သို့ တိုးခဲ့ပြီး ပြောင်းလဲမှုသည် စာရင်းအင်းအရ ထူးခြား ထင်ရှားသည်။ ညွှန်ကိန်းပမာဏသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၇၁.၅% နှင့် ၈၁.၆% အသီးသီးဖြင့် အတော်အတန်ပို၍ နိမ့်ကျသော်လည်း ၂၀၀၅ခုနှစ် နှင့် ၂၀၁၀ပြည့်နှစ် အတွင်း တိုးနှုန်းသည် ဆင်းရဲသူများအတွက် မဆင်းရဲသူများထက် ၂၁.၉% နှင့် ၁၄.၂% အသီးသီးဖြင့်ပို၍ မြင့်မားခဲ့သည်။ အတိုင်းအတာသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ၇၇.၂% နှင့် ၈၄.၁% အသီးသီးဖြင့် ပို၍ နိမ့်ကျသော်လည်း မြို့ပြဒေသတွင် ၁၁.၃% ဖြင့် တိုးခဲ့ခြင်းနှင့် နှိုင်းယှဉ်လျှင် ကျေးလက်ဒေသတွင် ၁၉.၉% ဖြင့်တိုးခဲ့သည်။ ညွှန်ကိန်း၏ အနိမ့်ဆုံးတန်ဖိုးကို ကြီးမားသော ကွာခြားချက်ဖြင့် ရခိုင် (၅၄.၃%) တွင်တွေ့ရသည်။ အတက်ဘက် ဦးတည်သော အလားအလာကို ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးနီးပါးတွင် တွေ့ရသော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ဖြန့်၍ ကြည့်လျှင် ပမာဏနှင့် အလားအလာ ပြောင်းလဲချက် အများအပြားသည် စာရင်းအင်းအရ ထူးခြား ထင်ရှားမှု မရှိပေ။ (နောက်ဆက်တွဲ ဇယား ၄၇ ကြည့်ပါ)

ဇယား ၄၄။ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အလွှာအလိုက် ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေး(မိလ္လာ)စနစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ၂၀၀၅-၂၀၁၀

